# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၅၀) ၊ ၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း ၇ ရက် ၊ ၁၁–၈–၂၀၂၄ ၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရန်ကုန်-ပဲခူး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများနှင့် ပဲခူးမြို့အခြေစိုက် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ဘူတာကြီး မြို့ပတ်ရထားရပ်နား၊ ထွက်ခွာသည့်စကြီအား DEMU ရထားတွဲဆိုင်းများဖြင့် လိုက်လျောညီထွေဖြစ်စေရေး ပြန်လည်မွမ်းမံတည်ဆောက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ ခရီးသည်များ ရထားပေါ်တက်/ဆင်းမှုအဆင်ပြေစေရေး၊ စကြီ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု စနစ်တကျဖြစ်စေရေး လိုအပ်ချက်များကို မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁) လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန်အတွက် ရန်ကုန်ဘူတာကြီးမှ ပဲခူးဘူတာသို့ RBE အထူးရထားဖြင့် အဆန်လမ်းမှလိုက်ပါစီးနင်းပြီး စီမံကိန်းပြီးစီးမှု အခြေအနေကြောင့် ရထားအမြန်နှုန်းတိုးမြှင့်မောင်းနှင်နိုင်မှုကို စစ်ဆေးသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့်တာဝန်ရှိသူများကို ခရီးလမ်းတစ်လျှောက် ရထားလမ်းဘေးဝဲယာတွင် အပိုက်များကင်းစင်ရေးကိစ္စ၊ ကျူးကျော်တဲများ ရှင်းလင်းရေးကိစ္စတို့ကို မှာကြားခြင်း၊ တိုးကြောင်ကလေးဘူတာတွင် ခရီးသည် အတက်/အဆင်းများ စနစ်တကျဖြစ်ရေးမှာကြားခြင်း၊ ကျောက်တန်းဘူတာတွင် စီမံကိန်းအရ တပ်ဆင်ထားသော ရထားထိန်းချုပ်စေလွှတ်သည့် Relay Interlocking System ကိုင်တွယ်ထိန်းသိမ်းမှုကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ပဲခူးဘူတာမှ RBE အထူးရထားစီးနင်းကာ မကြာမီက ပဲခူးဘူတာနှင့် ရွှေလှေဘူတာအကြား ရထားလမ်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ ငမိုးရိပ်ချောင်းရေလျှံပြီး ရေကျော်ခဲ့မှုကြောင့် ရထားလမ်းပျက်စီးခဲ့သည့် နေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးကာ နောင်ကာလတွင် ဤသို့ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေး ဆောင်ရွက်သင့်သည့်လုပ်ငန်းကို ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာယာဒ်ဝင်းအတွင်း စီမံကိန်းအားဖြင့် တပ်ဆင်ပြီးစီးနေသည့် မော်တာအသုံးပြုရထားလမ်းလွှဲ၊ လမ်းကူးဆောင်ရွက်သည့် ကိရိယာ(Electronic Interlocking System)နှင့် ဘူတာယာဒ်ဝင်းအတွင်း ရထားထိန်းချုပ်သည့် ခေတ်မီနည်းစနစ် တပ်ဆင်အသုံးပြုပုံတို့ကို စစ်ဆေးကြည့်ရှုပြီး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး လိုအပ်ချက်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးမြို့၌တာဝန်ထမ်းဆောင်လျက်ရှိနေသည့် ဝန်ကြီးဌာနလက်အောက်ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့တော်ခန်းမတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့အကျိုးစီးပွားအတွက် ဝန်ထမ်းကောင်းများပီသစွာဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြစေရေး၊ ရာထူးအလိုက် တာဝန်ဝတ္တရားများကို သိရှိ၊ နားလည်၊ တတ်ကျွမ်းအောင် လေ့လာဆည်းပူးကြပြီး ကိုယ့်အရည်အချင်းကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြစေရေး၊ စာကြည့်တိုက်များ ထူထောင်၍ စာဖတ်သည့် အလေ့အကျင့်ရှိစေရေး၊ ဌာနအလိုက် ပုံမှန်ဆန္ဒဖော်ထုတ်ပွဲများ ဆောင်ရွက်ကာ ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအား ဖြေရှင်းဆောင်ရွက်ပေးရေး ကိစ္စများကို မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ပဲခူးမြို့ရှိ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်၍ စာပို့လုပ်ငန်းစွမ်းဆောင်နိုင်မှုများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

**စစ်ဆေးကြည့်ရှု**

မွန်းလွဲပိုင်းတွင် ပဲခူးဘူတာမှ RBE အထူးရထားဖြင့်လိုက်ပါ၍ ပဲခူး-ရန်ကုန် အစုန်လမ်းပိုင်းအတွင်း စီမံကိန်းအားဖြင့် ရထားလမ်းနှင့် တံတားများ ပြီးစီးနေမှုအခြေအနေ၊ မိုင်နှုန်းတိုးမြှင့်မောင်းနှင်နိုင်မှုအခြေအနေတို့ကို စစ်ဆေးကြည့်ရှုကာ ဘူတာများ စနစ်တကျဖြစ်စေရေးကိစ္စ၊ ရထားလမ်းလုံခြုံရေး၊ ကျူးကျော်ရှင်းလင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ကိစ္စများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့ပေါ်တွင် စက်သုံးဆီပြတ်လပ်မှုမရှိနိုင်



နေပြည်တော် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်တွင် ယခင်ရက်များအတွင်း လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှု၊ စက်သုံးဆီပြတ်လပ်မှုများဖြစ်ပေါ်ခဲ့သည့် အကြောင်းရင်းမှာ ဇူလိုင်လလယ်ခန့်မှစ၍ နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ်နှောင့်နှေးကြန့်ကြာခြင်း၊

စာမျက်နှာ ၁၀ သို့ ❍

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၁ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

# ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံအတွင်းရှိ ပြည်သူများ အဝတ်အထည်များဖူလုံရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ အလွန်အရေးကြီးကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ထွက်ရှိလာသောဝါမှာ နိုင်ငံအတွင်း ချည်လိုအပ်ချက်အတွက် ပြည့်မီသည်ကိုတွေ့ရှိရသော်လည်း ချည်နှင့် အထည်များကို ပြည်ပမှတင်သွင်းမှာယူနေရသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထွက်ရှိသောဝါဂွမ်းများကို ကုန်ကြမ်းအနေဖြင့်သာ ပြည်ပသို့တင်ပို့ ရောင်းချနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌သာ ချည်ဖြစ်သည်အထိ ထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာ၊ စက်ပစ္စည်း၊ အရင်းအနှီးများကိုပံ့ပိုးပေးပြီး Value Added အဖြစ် ချည်ဖြစ်သည်အထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၊ ပဲ့ကန်ကျေးရွာ၌ ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးရာ၌ ပြောကြားခဲ့သည်။

ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးကြိုဝါစိုက်ခင်းများတွင် ဝါဆွတ်ခူးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်ရန် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါခူးဆွတ်ချိန်တွင်လည်း အရည်အသွေး၊ အမျိုးအစား Grade A,B,C အဆင့်ဆင့်ရှိသည့်အနက် သတ်မှတ်အရည်အသွေးနှင့် ပေါက်ဈေးနှုန်းကို တောင်သူကြီးများသိရှိအောင် တာဝန်ရှိသူအဆင့်ဆင့်မှ အသိပညာပေးရန်လိုအပ်ကြောင်း၊ စနစ်တကျဆွတ်ခူးထွက်ရှိလာသောဝါများ ဈေးကောင်းရရှိရေး ဈေးကွက်သေချာစွာရရှိရေး အစိုးရနှင့် ပုဂ္ဂလိက ချည်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲနိုင်မှုကြောင့် စားသုံးဆီအပြင် တိရစ္ဆာန်အစာအတွက် ဝါဖတ်များကိုပါရရှိခြင်းကြောင့် များစွာအကျိုးရှိကြောင်း၊ ဝါစိုက်ကေအပေါ်အခြေခံ၍ ကုန်ကြမ်းရရှိမှုအပေါ် မူတည်ကာ ဝါဖန်စက်များ ထပ်မံလိုအပ်မှုရှိ၊ မရှိ တင်ပြပေးရန်နှင့် ထပ်မံလိုအပ်သောစက်များကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့်အတွက် တိုးချဲ့ဆောင်ရွက်လိုပါက ဆောင်ရွက်မည့်အစီအစဉ်များ ပြန်လည်တင်ပြကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဝါစိုက်တောင်သူများအတွက် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပြီး ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေတောင်ခြံ)မှ ဝါမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခဲ့ရာတွင် ငွေချည်(၆)၊ ငွေချည်(၉)၊ ငွေချည်(၁၁)၊ ရွှေတောင်(၈)နှင့် ရွှေတောင်(၁၀)မျိုးများမှာ တောင်သူစိတ်ကြိုက်မျိုးများအဖြစ် အထူးထင်ရှားလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းအဆောက်အအုံ ၉ ခုတွင် မိုးကြိုးလွှဲများတပ်ဆင်မည်



**မန္တလေး ဩဂုတ် ၁၀**

ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ သဘာဝဘေးကာကွယ်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် မိုးကြိုးလွှဲများ တပ်ဆင်လျက်ရှိရာ ဆက်လက်၍ ရှေးဟောင်း အဆောက်အအုံ ၉ ခုတွင် မိုးကြိုးလွှဲများတပ်ဆင်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးကြိုးလွှဲတပ်ဆင်သည့် လုပ်ငန်းများအနက် ဘုရားစေတီ ၁၁ ဆူတွင် တပ်ဆင်ခဲ့ပြီးဖြစ်ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဒေသ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနခွဲမှ အဆောက်အဦဦးစီးဌာန(လျှပ်စစ်)၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့စသည်ဖြင့် သက်ဆိုင်ရာဌာနများနှင့် ဂေါပကအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟုဆိုသည်။

"ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်တဲ့ ပုဂံဒေသက ရှေးဟောင်းစေတီပုထိုး ၁၁ ဆူမှာ ဒီနှစ်၊ နှစ်ဆန်းပိုင်းက မိုးကြိုးလွှဲတပ်ဆင်ပြီးပါပြီ။ ဆက်လက်ပြီး မိုးကြိုးလွှဲတပ်ဆင်သွားဖို့ ဩဂုတ် ၂ ရက်က ဌာနဆိုင်ရာနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ အစည်းဝေးလုပ်ခဲ့တယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဒေသ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးကြိုးလွှဲများ ဆက်လက်တပ်ဆင်မည့် ရှေးဟောင်းအဆောက်အအုံ ဘုရားစေတီများမှာ လောကနန္ဒာဘုရား၊ တုရင်းတောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဖူးဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ရှင်အဓ္ဓဂေါဏဘုရား၊ မင်းနန်သူလေးမျက်နှာဘုရား၊ မင်္ဂလာစေတီဘုရားနှင့် စေတနာကြီးဘုရားတို့ဖြစ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးကာကွယ်ရေးအတွက် ဉာဏ်တော်မြင့်သော စေတီပုထိုးများတွင် မိုးကြိုးလွှဲများ တပ်ဆင်ခြင်းဖြစ်ကြောင်း၊ အခြားသော ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် ဇရိသာအလိုက် ၁၁ပိုင်းခွဲခြားကာ ပေါင်းမြက်များ၊ ကန္တာရပင်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

# အောင်မြေသာစံမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၁၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက် ၁၅လမ်းနှင့် ၈၉လမ်းထောင့်ရှိ ဆင်များရှင်သာသနာ့ရိပ်သာရှိ ဆရာတော် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ အရိုးရောဂါ၊ မျက်စိရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဖျားနာရောဂါနှင့် အထွေထွေရောဂါများအား ကုသဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများအား နယ်မြေခံစစ်ဆေးရုံ၌ တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

ယင်းသို့ဆောင်ရွက်ပေးနေမှုများအပေါ် တိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၃၈)**



# ပိုင်စိုးဝေ အင်တာဗျူးစာအုပ်ထွက်ရှိ



**မန္တလေး ဩဂုတ် ၁၀**

ပိုင်စိုးဝေအင်တာဗျူးစာအုပ် နှစ်ကာလများစာအုပ်တိုက်မှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ပထမအကြိမ်အဖြစ်ထွက်ရှိလာသည်။ ဆရာပိုင်စိုးဝေနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် အင်တာဗျူး(၆)ပုဒ်ကို စုစည်းထားကာ မာဆိုးက "ပိုင်စိုးဝေ သို့မဟုတ် ကမ်းပါးမရှိတဲ့မြစ်တစ်စင်း"ဖြင့်လည်းကောင်း၊ အောင်ဇင်မင်းက "မိုးတွေရွဲနေတဲ့ညနေခင်း"ဖြင့်လည်းကောင်း၊ ဟိန်းလတ်က "ပိုင်စိုးဝေနှင့် အင်တာဗျူး" ဖြင့်လည်းကောင်း၊ ခင်မောင်တိုး(မိုးမိတ်)က "မန်းပန်တျာကျောင်းက ကဗျာ နည်းပြဆရာပိုင်စိုးဝေနှင့် စကားလက်ဆုံ"ဖြင့်လည်းကောင်း၊ "ဇကာဒသတွေးကြထိုထို"(ဆရာခင်မောင်တိုးတို့ တွေ့ဆုံခြင်းနောက်ဆက်)ဖြင့်လည်းကောင်း၊ နဒီက "ရသမြစ်ဖျား" ဖြင့်လည်းကောင်း တွေ့ဆုံအင်တာဗျူးထားသည့် ဆောင်းပါးများဖြစ်သည်။

အဆိုပါအင်တာဗျူးဆောင်းပါးများမှာ ရုပ်ရှင်တေးကဗျာ၊ မဟေသီ၊ စတိုင်သစ်နှင့် မြားနတ်မောင်မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့ပြီး ပိုင်စိုးဝေအင်တာဗျူးများ တစ်စုတစ်ဝေးထဲ ဖတ်ရှုနိုင်ရန် နှစ်ကာလများမှ စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။ မျက်နှာဖုံးပန်းချီ စိုးဝင်းငြိမ်းဖြစ်ပြီး ငွေကျပ် ၆၀၀၀ဖြင့် မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)**

(PNT)

**သတင်းများ Onlineမှ**
**တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာကိုကိုနိုင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## International Youth Day

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"
"From Clicks To Progress: Youth Digital Pathways
For Sustainable Development"

၁၂-၈-၂၀၂၄ ရက်နေ့ (တနင်္လာနေ့)

ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)

# တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အဋ္ဌမပုံမှန်အစည်းအဝေး(၃/၂၀၂၄) ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အဋ္ဌမ ပုံမှန်အစည်းအဝေး (၃/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြု ပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ တက်ရောက်ကြသည်။

**ခိုင်မာအားကောင်းအောင် ပိုမိုကြိုးစားဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် အခြားပညာရပ်ဆိုင်ရာ အဖွဲ့အစည်းကြီးများက နမူနာရယူဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်၍ ခိုင်မာအားကောင်းအောင်ပိုမိုကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာအထူးပြု ဘာသာရပ်အလိုက် ပညာရှင်အဆင့်မှသည် အတိုင်ပင်ခံအဆင့်အထိ အရည်အသွေးတိုးတက်အောင် ဝိုင်းဝန်းပြုစုပျိုးထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားလိုကြောင်း၊ နည်းဥပဒေတွင် ပါဝင်သည့် အင်ဂျင်နီယာ ဘာသာရပ်အလိုက် အထူးပြုများအနေဖြင့် မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ အီလက်ထရောနစ်၊ ဓာတု၊ ချည်မျှင်/အထည်၊ ရေနံဓာတု၊ သတ္တုတူးဖော်ရေး၊ ရေကြောင်း၊ လေကြောင်း၊ သတင်းအချက်အလက်နည်းပညာ၊ စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာစသည်ဖြင့် အထူးပြုလုပ်ငန်းအဖွဲ့များ ခွဲခြားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် အင်ဂျင်နီယာလုပ်ငန်းများ၊ နိုင်ငံတော်၏ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့ပြ၊ စက်မှုနှင့် လျှပ်စစ် အင်ဂျင်နီယာများ အမြောက်အမြားရှိကာ အင်အားကောင်းမွန်သော်လည်း ဓာတု၊ ချည်မျှင်/အထည်၊ သတ္တုတူးဖော်ရေး စသည့် နယ်ပယ်များတွင် ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ အင်အားနည်းလျက်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

ယခုအခါ နိုင်ငံတော်အနေဖြင့်ဝါမှ အထည်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းကို အားပေးဆောင်ရွက်လျက်ရှိရာ ချည်မျှင်/အထည်အင်ဂျင်နီယာများကို အားထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်တွင် လက်တွေ့ဆောင်ရွက်သည့် အင်ဂျင်နီယာပညာရှင်အများစုမှာ အသက်ကြီးပိုင်းများသာဖြစ်နေပြီး မျိုးဆက်သစ် သက်ငယ်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် စားသောက်ကုန်နှင့် ဆေးဝါး လုပ်ငန်း စသည်တို့တွင် ဓာတုအင်ဂျင်နီယာများ လိုအပ်လျက်ရှိသကဲ့သို့ စွမ်းအင်ကဏ္ဍတွင် ရေနံဓာတုအင်ဂျင်နီယာများ၊ သံမဏိစက်ရုံ၊ ဘိလပ်မြေစက်ရုံများတွင် သတ္တုဗေဒနှင့်သတ္တုတူးဖော်ရေးဆိုင်ရာ အင်ဂျင်နီယာများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာအင်ဂျင်နီယာများတွင် ပညာရှင်အဆင့်အင်ဂျင်နီယာ (P.E) များရှိသော်လည်း အတိုင်ပင်ခံ အင်ဂျင်နီယာများကို ပြည်ပမှငှားရမ်းနေကြရပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အနေဖြင့် အင်ဂျင်နီယာ အထူးပြုဘာသာရပ်အလိုက် ပညာရှင်အဆင့်သတ်မှတ်ပြီးသည့် အင်ဂျင်နီယာများအတွက် အတိုင်ပင်ခံအဆင့်အထိ မွေးမြူနိုင်ရေး သင့်လျော်သည့် စဉ်ဆက်မပြတ် လေ့လာသင်ယူရေးအစီအစဉ်များ (CPD) သတ်မှတ်ပြဋ္ဌာန်းပေးပြီး ပြုစုပျိုးထောင်ပေးနိုင်ရေး တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အင်ဂျင်နီယာ ပညာရေးကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့်လည်း စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပသွားစေလိုပါကြောင်း၊ နိုင်ငံတော်၏စက်မှုကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာရှင်များနှင့် နည်းပညာကျွမ်းကျင်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ(၁)က ကောင်စီ၏ ၂၀၂၂-၂၀၂၃ မဟာဗျူဟာအစီအစဉ်အရ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြုလုပ်ခဲ့သော ကောင်စီပဉ္စမပုံမှန်အစည်းအဝေး (၃/၂၀၂၃) မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ထားမှုကိုလည်းကောင်း၊ ကောင်စီနာယကကြီးများက ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကောင်စီအတွင်းရေးမှူးက ကောင်စီဥပဒေ အခန်း (၆)၊ ပုဒ်မ ၁၅ အရ ၂၀၂၄ ခုနှစ် မတ်လမှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သော ပုံမှန်အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေး (၄) ခု၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ တွဲဖက်အတွင်းရေးမှူး-၂ က ကောင်စီ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးအခြေအနေများ၊ လုပ်ငန်းကော်မတီများက ၂၀၂၄ ခုနှစ် ပထမသုံးလပတ် ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။






သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဩဂုတ် ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားနည်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

မိုး/၈လ

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ်(အတိုးနှုန်း ၁%)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး





နေပြည်တော် ဩဂုတ် ၁၀

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ခိုလမ်မြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### အားပေးစကားပြောကြား

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားမှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှုအခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ လာရောက်ဂုဏ်ပြုပေးအပ်



နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

### တက်ရောက်

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စေတနာရှင် ပြည်သူလူထုနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းဝေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက် ဖွယ်ရာများနှင့် အဝတ်အထည်များကို ဒုတိယတိုင်းမှူးထံ ပေးအပ်သည်။ ယင်းနောက် ဒုတိယတိုင်းမှူးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံတာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

ပွဲစဉ်တွင် မန်ချက်စတာစီးတီးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့သည် ပွဲချိန်မိနစ် ၉၀ အထိ ဂါနာချို (၈၂မိနစ်)နှင့် ဘာနာဒိုဆေးလ်ဗား (၈၉မိနစ်)တို့၏ သွင်းဂိုးများဖြင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီအဆုံးအဖြတ်တွင် မန်ချက်စတာစီးတီးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား ၇ဂိုး၊ ၆ဂိုးဖြင့် အနိုင်ရရှိကာ ကွန်မြူနတီဒိုင်း ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မန်ချက်စတာစီးတီးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ကွန်မြူနတီဒိုင်း ချန်ပီယံဆုအား (၇)ကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ခုနှစ် နောက်ပိုင်းမှ ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

(NGB)

၀-၀-၀-၀-၀

■ စာမျက်နှာ ၂၄ မှ

၅၇ မိနစ်တွင် ဆွမ်ဆန်က သွင်းယူပေးခဲ့သည်။

အမေရိကန်အသင်းသည် ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုကို (၅)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။

(နိုင်ကမ္ဘာ)

# မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဥပ္ပါတသန္တိ ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် ယနေ့ညနေ ၃ နာရီက ကျင်းပရာ အောင်မြေသာစံမြို့နယ်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအမှူးပြုသော ဆရာတော် သံဃာတော် ၁၀ ပါး ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သာသနာရေးမှူးနှင့် ဂေါပက အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝတ်အသင်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ ၃ ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသိရီဘိဝံသ ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာဖြင့် ဘုရားပင့်ဆောင်ခြင်း၊ နတ်ဗြဟ္မာများ ပင့်ဆောင်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌအမှူးပြုသော ဆရာတော်၊ သံဃာတော်များထံ နဝကမ္မဝတ္ထုငွေများ ကပ်လှူကြပြီးနောက် အလှည့်ကျ ဘာဏကဆရာတော်များက ဥပ္ပါတသန္တိ ကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော်ကြကြောင်းနှင့် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဆရာတော်၊ သံဃာတော် ၁၀ပါးက ၁၀ ရက်တိုင်အလှည့်ကျ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**








- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**မန္တလေး ဩဂုတ် ၁၀**

(၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရ(ခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနုပညာအထက်တန်းကျောင်း၊ လေ့ကျင့်ရေးဇာတ်ရုံတွင် ကျင်းပပြုလုပ်ရာ မဟာအောင်မြေခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ အောင်မြေသာစံ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင်(၂) ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးပစ်တိုင်းထောင်၊ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးသော်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မဟာအောင်မြေခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒိုင်အဖွဲ့ဝင်များက Group Song ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ထို့နောက် ပြိုင်ပွဲဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကူးကြသည်။ ၄င်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ယှဉ်ပြိုင်ကြသည်။

အဆိုပါ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အခြေခံပညာအဆင့်၊ ဝါသနာရှင်(ပထမအဆင့်)နှင့်ဝါသနာရှင်(ဒုတိယအဆင့်)ပြိုင်ပွဲတို့၌ ပြိုင်ပွဲဝင်(၁၉၅)ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၃)**





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကိုယ်ပိုင်(သို့မဟုတ်)ပုဂ္ဂလိကအခြေခံပညာကျောင်းများအတွက် ပညာရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၁၀**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိက အခြေခံပညာကျောင်းများအတွက် ပညာရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာစိုးမြင့်ထွန်းနှင့် တိုင်းဒေသကြီး ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှကိုယ်ပိုင်ကျောင်း တည်ထောင်သူများနှင့် စီမံအုပ်ချုပ်သူများ၊ ကိုယ်ပိုင်ကျောင်းများအသင်း ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။






အလုပ်ရုံဆွေးနွေးပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က ၂၀၂၃ ခုနှစ် မေ ၁၂ ရက်တွင် ပုဂ္ဂလိက ပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးစီမံခန့်ခွဲမှု အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ ပုဂ္ဂလိကပညာရေး ဥပဒေတွင် ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များ၊ အမိန့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များပေါ်များစေရန်၊ အမှားနှင့် အမှန်ဝေဖန်ပိုင်းခြားနိုင်သော လူငယ်များဖြစ်စေရန်နှင့် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးအောင် ပညာသင်ယူနိုင်ရေး၊ တန်းစဉ်လိုက် ကျောင်းအပ်လျော့နည်းမှုမရှိရေး၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများဖြင့် ထိရောက်စွာသင်ကြားရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် တက်ရောက်လာသူများကို ရင်းနှီးစွာနှုတ်ဆက်အားပေးပြီး သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀








## ရန့်ကြိုင်ဝေ မန္တလာမြေမှ ကဗျာများ ထုတ်ဝေဖြန့်ချိ

**မန္တလေး ဩဂုတ် ၁၀**

ကဗျာဆရာ မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)၏ ရန့်ကြိုင်ဝေ မန္တလာမြေမှ ကဗျာများ စာအုပ် သစ္စာရောင်ခြည်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။ နန်းတော်ရှေ့ စာပေတင်းကုပ်မှ ဆရာအောင်တင်ဝင်း(ငါ့သရောက်)၏ 'ပဏာမပြောကြား ရင်တွင်းစကား' အမှာစာနှင့် အလှူကဗျာအပုဒ် ၁၀၀ စုစည်းထားသည်။

အဆိုပါ ကဗျာများသည် မန္တလေးနေ့စဉ်သတင်းစာတွင် ဖော်ပြပါရှိခဲ့ပြီး မန္တလေးရန့်၊ စာပေရန့်၊ အညာရန့်၊ ချိန်ခါရန့်၊ ကျန်းမာရေးရန့်၊ ပညာရန့်၊ ဝန်းကျင်ရန့်၊ ဓမ္မရန့်၊ ဘဝရန့် ခေါင်းစဉ်များဖြင့် ရေးဖွဲ့ထားသည့် ရိုးရာဟန်ကဗျာများဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူအားပေးဖတ်ရှုနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)(PNT)**



**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Lahn Mah @ How To Make Millions Before Grandna Dies ရုပ်ရှင်ဇာတ်ကား မြေးနှင့်အဘွားကို ပုံဖော်ထား

ထိုင်းနိုင်ငံ၏ လက်ရှိရုံတင် ဝင်ငွေအများဆုံးရရှိထားသည့် ရုပ်ရှင်မှာ Lahn Mah@ How To Make Millions Before Grandma Dies ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ ချီးကျူးမှုနှင့်အတူ တစ်ရုံးလုံး မျက်ရည်ကျစေခဲ့သည့် ထူးခြားသည့် ဖန်တီးမှုတစ်ခုဖြစ်သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဘဝ၏ အိပ်မက်နှင့်ရည်မှန်းချက်များ အောင်မြင်အောင်မလုပ်ဆောင်နိုင်သည့် လူငယ်လေးတစ်ဦး ကင်ဆာရောဂါခံစားနေရသည့် အဘွားဖြစ်သူထံ အမွေရလို၍ ပြုစုစောင့်ရှောက်ရန် ချည်းကပ်ခဲ့ရာမှ မြေးအဘွားသံယောဇဉ်ကို ပုံဖော်ပြသထားသည်။

အဘွားအဖြစ် သရုပ်ဆောင်ထားသည့် အူဆာဆမ်ခရွန်၏ ပထမဆုံးပွဲဦးထွက်ဇာတ်ကားဖြစ်ကာ ဇာတ်ရုပ်ကို ပိုင်နိုင်စွာ ပုံဖော်နိုင်ခဲ့၍ ကြည့်ရှုသူများကိုယ်တိုင် ဝင်ရောက်ခံစား ကိုယ်ချင်းစာနိုင်ခဲ့သည်ထိ စွမ်းဆောင်နိုင်ခဲ့ရာ နှလုံးသားချင်းနီးစပ်ခဲ့၍ ဝမ်းနည်းမှုအရှိန်မြင့်တက်ခဲ့ကြပြီး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြရသည်။

(SKY)

## Ma Dong Seok က အိန္ဒိယရုပ်ရှင် Spirit တွင် ပါဝင်လာနိုင်သည်ဟု မှတ်ချက်ပေးထား

ဘောလိဝုဒ်ရုပ်ရှင် Animal ဒါရိုက်တာ ရိုက်ကူးထားသည့် Spirit ရုပ်ရှင်တွင် တောင်ကိုရီးယားစတန့်သမားများနှင့် ဗီလိန်တစ်ဦးပါဝင်မည်ဖြစ်၍ မာဒေါင်ဆွတ်ပါဝင်လာနိုင်သည်ဟု မှတ်ချက်ပေးထားကြသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် အနုပညာရှင် ပရာဟပ်စ်အဓိကနေရာမှ ပါဝင်ထားပြီး Pan Asia ရုပ်ရှင်အဖြစ် ပွဲထုတ်မည့်ရုပ်ရှင်ဖြစ်ကာ တောင်ကိုရီးယားအငွေ့အသက်များပြသမည့် ရုပ်ရှင်ဖြစ်ကြောင်း တောင်ကိုရီးယားစတန့်သမားများကို အသုံးပြုမည်ဖြစ်ပြီး ဗီလိန်သရုပ်ဆောင်တစ်ဦးပါဝင်မည်ဟု ကောလာဟလထွက်နေသည်။



မာဒေါင်ဆွတ်နှင့် ဒါရိုက်တာ ရှန်ဒီရီဒီဗာဂါတို့က အတည်ပြုခြင်းမရှိသေးသော်လည်း Bhadrakali Picture နှင့် TSeries တို့ ပူးတွဲထုတ်လုပ်ထားကာ အောက်တိုဘာ ၂၃ ရက်တွင် နမူနာပြသမည်ဖြစ်သည်ဟု တရားဝင်ကြေညာထားသည်။

(SKY)



## အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ နေစွမ်းအင်ပြားမပါဘဲ ဓာတ်အားစုဆောင်းနိုင်ပြီ

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှသိပ္ပံပညာရှင်များ နေစွမ်းအင်ပြားမပါဘဲ ဓာတ်အားစုဆောင်းနိုင်ရန် ကြိုးစားခဲ့ရာ မကြာသေးမီက အောင်မြင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုတက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့လွန်သုတေသနသဟာယ ပညာရှင် ရှုအိုက်ဖင်းဟူဦးဆောင်သော ပညာရှင်များက အပါးလွှာဆုံး နေစွမ်းအင်စုဆောင်းရယူမှုအကြောင်း လက်တွေ့စူးစမ်းလေ့လာ စမ်းသပ်ကြည့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ စမ်းသပ်ရာမှ လက်ရှိနေစွမ်းအင်ပြားများထက် အဆ ၁၅၀အထိ ပါးလွှာသောအဆင့်သို့ ရောက်ရှိခဲ့ပြီး အနာဂတ်တွင် ကားခေါင်မိုး၊ အိမ်ခေါင်မိုး၊ လက်ကိုင်ဖုန်းကျောပြင် စသော မျက်နှာပြင်များပေါ်တွင် သုတ်ဆေးသဖွယ်သုတ်လိမ်းလိုက်ရုံဖြင့် နေစွမ်းအင်ကို စုဆောင်းရယူနိုင်မည်ဖြစ်ကြောင်း ရှုအိုက်ဖင်းဟူက ရှင်းပြသည်။

(SCI)

## Aranmanai 4 တွင် မင်းသမီးချောနှစ်လက် ပါဝင်ထား

ဘောလိဝုဒ်မင်းသမီးချောနှစ်လက်ဖြစ်ကြသည့် ရာရှီးခန့်နာနှင့် တမန်နားတို့ ပါဝင်ထားသည့် ၂၀၂၄ခုနှစ် သည်းထိတ်ရင်ဖိုဇာတ်ကား Aranmanai 4 မှာ သည်းထိတ်ရင်ဖိုသရဲဇာတ်ကားဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ရွာငယ်လေးတစ်ရွာတွင် ဘာဂ်ဆိုသည့် အသွင်ပြောင်းမိစ္ဆာကို နှိမ်နင်းနိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ပွဲတော်ကျင်းပရာ အဝေးမှဧည့်သည်များပါ လာရောက်၍ စည်ကားသော ပွဲတော်ဖြစ်ခဲ့သည်။

ပွဲတော်သို့လာသော တစ်ဖက်ရွာမှ လေ့နှင့်သားအဖမှာ သမီးဖြစ်သူကို ဘာဂ်ကသတ်ပစ်ရာ အဖေကဘာဂ်ဝိညာဉ်ကို ချုပ်နှောင်၍ သမီးနေရာဝင်ယူဟန်ဆောင်ခဲ့သည်။ နောက်ပွဲတော်ကျင်းပသည့်ရွာတွင် မိသားစုများ ထူးခြားဆန်းကြယ်မှုနှင့် ကြုံကြရပြီး မောင်နှမနှစ်ဦး အဖြစ်ဆိုးနှင့်ကြုံခဲ့ရသည်။

အစ်ကိုဖြစ်သူက ညီမအတွက်သေဆုံးခြင်းနောက်ကွယ်မှ ဆန်းကြယ်သည့်ဖြစ်ရပ်ကို ရှာဖွေခဲ့ရာမှ ချောက်ချားဖွယ်၊ ထိတ်လန့်ဖွယ်များကို ဟာသနှော၍ ရင်တထိတ်ထိတ်နှင့် ကြည့်ရှုရမည့်ရုပ်ရှင်ဖြစ်သည်။

(SKY)

## Bright Vachirawit အနုပညာလုပ်ငန်းများ ရွှေ့ဆိုင်းထားပြီး ချစ်သူနှင့်အတူ အနားယူနေ

ထိုင်းအနုပညာရှင် ဘရိုက်ဗာချီရာဝပ်သည် ကျန်းမာရေးမကောင်း၍ အနုပညာလုပ်ငန်းများ ရွှေ့ဆိုင်းထားကာ ချစ်သူနှင့်အတူ အနားယူနေသည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘရိုက်ဗာချီရာဝပ်ကို Forbes မဂ္ဂဇင်းမှ အသက် ၃၀ ကျော်ပရိသတ်အပေါ် လွှမ်းမိုးမှုမြင့်မားသည့် အောင်မြင်သူများစာရင်းတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်က Cloud 9 အင်တာတိန်းမင့် အနုပညာစီမံခန့်ခွဲမှုအေဂျင်စီကို တည်ထောင်ထားသော ဘရိုက်ဗာချီရာဝပ်



သည် နိုင်ငံတကာစင်မြင့်တွင် ထိုင်းအနုပညာရှင်များကို ပြသရန်အတွက် Universal Music Thailand နှင့်ပူးပေါင်းခဲ့ပြီး အင်စတာဂရမ်တွင် ကြိုက်နှစ်သက်သူများပြားခဲ့သည်။

ဘရိုက်ဗာချီရာဝပ်မှာ Barerry ၏ ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်သံတမန်၊ Adidas Thailand အမှတ်တံဆိပ်၊ Calvin Klein ၏မော်ဒယ်၊ Astro Stuffs ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်၏ စီအီးအိုလည်း ဖြစ်သည်။

(SKY)

## Black Pink မှ Jisoo က စပွန်ဆာကုမ္ပဏီနှင့် သူငယ်ချင်းများထံမှ Coffee Truck ပို့ပေးထားခံရ

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုသည် သူ၏စပွန်ဆာကုမ္ပဏီနှင့် သူငယ်ချင်းများထံမှ Coffee Truck ကားများ ပို့ပေးထားသည်ကို တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဆိုက သူငယ်ချင်းများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် အဆိုတော် ဘိုအာ၊ အဖွဲ့ဝင်ရို့စ်၊ ဂျင်းနီတို့က သူ၏ Influenza နှင့် Omniscient Readers ရိုက်ကွင်းသို့ ကော်ဖီကားများ ပို့ပေးထားရာ လက်ခံရရှိပုံကို ကားရှေ့တွင် ဓာတ်ပုံရိုက်၍ တင်ထားသည်။

ဂျောင်ဟေအင်းပို့ပေးထားသည့် ကော်ဖီထရပ်ကားမှာ ပန်းရောင်ဒီဇိုင်းနှင့် ဂျီဆိုပုံများဖြင့် အလှဆင်ထားကာ ODD, 4 Seasons and Chuarethewan DC Jisoogallery, Dior Beauty, Cartier စသည့် နာမည်ကြီးကုန်အမှတ်တံဆိပ်ကုမ္ပဏီများပါ ပါဝင်ခဲ့သည်။

တရုတ်ပြည်မှ ဂျီဆို၏ ပရိသတ်များကလည်း Coffee Truck ကားပို့ပေးထားသည်ကို တွေ့ရသည်။

(SKY)



## ဗြိတိန်မင်းသမီး Katy Louise Saunders ဒုတိယကိုယ်ဝန်လွယ်ထား

ဗြိတိန်မင်းသမီး ကေတီလူးဝစ်စန္ဒြာနှင့် ကိုရီးယားထိပ်တန်းအနုပညာရှင် ဆောင်ဂျောင်ကီးတို့ မိသားစုတွင် ဒုတိယကိုယ်ဝန်ရရှိထားသည်ဟု ဆောင်ဂျောင်ကီးအေဂျင်စီ ဟိုက်ဇီအန်စတူရီယိုက အတည်ပြုပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗြိတိန်မင်းသမီး ကေတီလူးဝစ်စန္ဒြာနှင့် ဆောင်ဂျောင်ကီးတို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် လက်ထပ်ခဲ့ပြီး ဇွန်လတွင် သားဦးလေးကို ရရှိခဲ့ကြသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဇနီးသည် ကေတီလူးဝစ်စန္ဒြာက ဒုတိယကိုယ်ဝန်လွယ်ထားသော သတင်းကို ဆောင်ဂျောင်ကီး အေဂျင်စီက တရားဝင်ထုတ်ပြန်ကြေညာပေးထားသည်။

"ဆောင်ဂျောင်ကီးသည် ကလေးနှစ်ဦးဖခင်ဖြစ်လာပါပြီ" ဟူ၍ တရားဝင်ကြေညာကာ အတည်ပြုပေးထားခဲ့သည်။

(SKY)



0-0-0-0-0



## ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်း ဟဲရစ် ဒေါ်နယ်လ်ထရမ့်နှင့်အပြိုင် မဲဆွယ်စည်းရုံးလျက်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၀**

ဒီမိုကရက်တစ်ပါတီကိုယ်စားပြုသမ္မတလောင်း ကာမလာ ဟဲရစ်သည် အာရီဇိုးနားပြည်နယ်အတွင်းလှည့်လည်ကာ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်နှင့်အပြိုင် မဲဆွယ်စည်းရုံးလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထရမ့် အနေဖြင့်လည်း နောက်ပိုင်းတွင် မဲဆွယ်စည်းရုံးရေးခရီးစဉ်တစ်ခု ပြုလုပ်ခဲ့ပြီး ၁၉၉၆ ခုနှစ်မှစ၍ သမ္မတရွေးကောက်ပွဲတိုင်း ရီပတ်ဘလီကင်ပါတီ အနိုင်ရလေ့ရှိသော မွန်တားနားပြည်နယ်၊ ဘိုဇမန်မြို့မှ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**Mon**

ဒီမိုကရက်တစ် သမ္မတလောင်း ဟဲရစ်အနေဖြင့် ၂၀၂၄ ခုနှစ် နိုဝင်လာ ၅ ရက် ရွေးကောက်ပွဲအတွက် တစ်ပတ်ကြာ ခရီးစဉ်တစ်ခုပြုလုပ်နေပြီး မင်နီဆိုတာပြည်နယ်အုပ်ချုပ်ရေးမှူး တင်မ်ဝေါ့လ်ဇ်ကို ၎င်း၏ ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ပြီးနောက် မဲဆွယ်စည်းရုံးရေးအတွက် အဓိကထားဆောင်ရွက်နေသည်။

ဩဂုတ် ၉ ရက်တွင် ဖီးနစ်ဒေသသို့ ၎င်းရောက်ရှိခဲ့ရာ အဆိုပါဒေသရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် မဲဆန္ဒရှင်များထံ သွားရောက်လှည့်လည်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ဟဲရစ်သည် အမေရိကန်ပြည်ထောင်စု၏ သက်တမ်းအရှည်ဆုံးသော လက်တင်နို လူ့အခွင့်အရေးအဖွဲ့၏ နိုင်ငံရေးလုပ်ငန်းဆောင်ရွက်မှုကော်မတီ၏ အတည်ပြုချက်ကို ရရှိခဲ့သည်။

## တရုတ်နိုင်ငံမှ ပစ်လွှတ်သော ဒုံးပျံတစ်စင်းပေါက်ကွဲ အာကာသထဲရှိ ဂြိုဟ်တုများအတွက် အန္တရာယ်ရှိစေခဲ့

**ပေကျင်း ဩဂုတ် ၁၀**

တရုတ်နိုင်ငံမှ ပစ်လွှတ်သော ဒုံးပျံတစ်စင်းသည် အာကာသထဲ၌ ပေါက်ကွဲပျက်စီးသွားပြီး အာကာသ၌ရှိသော ဂြိုဟ်တုများနှင့် အခြားအရာဝတ္ထု ၁၀၀၀ ကျော်အတွက် အန္တရာယ်များကို ဖြစ်စေခဲ့သည်ဟု လေ့လာသုံးသပ်သူများက ဩဂုတ် ၉ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက်နှင့် ယှဉ်ပြိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းစပေ့စ်ကွန်းဂြိုဟ်တုနည်းပညာအဖွဲ့အစည်းက အင်တာနက်ဂြိုဟ်တု ၁၈ စင်းကို အာကာသသို့ ဩဂုတ် ၆ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုများကို သယ်ယူပေးခဲ့သော အပေါ်ပိုင်းဒုံးပျံ ပစ္စည်းများကို ခွဲထုတ်ပြီးနောက်ပိုင်းတွင် မတော်တဆပျက်စီးသွားကာ အနည်းဆုံး အပိုင်းအစ ၉၀၀ ကျော်သာ လွင့်စင်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ဟု အမေရိကန်အခြေစိုက် စောင့်ကြည့်လေ့လာသူများက ဆိုသည်။ သမိုင်းတွင် အကြီးမားဆုံးဖြစ်စေမည့် အဖြစ်အပျက်များထဲမှ တစ်ခုဖြစ်လိမ့်မည်ဟု အမေရိကန် အခြေစိုက် လီယိုလက်ဘ်စ်အဖွဲ့အစည်းက သုံးသပ်သည်။



တရုတ်နိုင်ငံလုပ် လောင်းမတ်ချ်-၆အေ ဒုံးပျံအပိုင်းအစတစ်ခုသည် ၂၀၂၂ ခုနှစ်တွင်လည်း အာကာသ၌ ပျက်စီးခဲ့ပြီး သုံးပုံနှစ်ပုံကျော် အာကာသအမှိုက်သရိုက်ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

**Mon**





## တစ်စင်းလျှင် ဒေါ်လာ ၁၀၀၀၀၀ တန် ဆိုက်ဘာထရပ် တက်စလာကုမ္ပဏီမှ အဆောတလျင် မှာယူနိုင်ပြီ

**ဝါရှင်တန် ဩဂုတ် ၁၀**

တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကျသင့်သည့် ဆိုက်ဘာထရပ်လျှပ်စစ်ကားများကို အမေရိကန်အခြေစိုက် တက်စလာကုမ္ပဏီမှ အဆောတလျင်မှာယူနိုင်ပြီဖြစ်ကြောင်း တက်စလာဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထိုလျှပ်စစ်ကားကို ဦးစားပေးပြီး ရောင်းလိုသဖြင့် အမေရိကန်ဒေါ်လာ ၆၁၀၀၀ တန် ဆိုက်ဘာထရပ်ကားများအတွက် အဝယ်မှာယူမှုရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း တက်စလာဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဆိုက်ဘာထရပ်များကို ယခုနှစ် ဇူလိုင်လအတွင်း ၄၈၀၀ စီးခန့် ရောင်းချနိုင်ခဲ့ပြီး လက်ရှိအချိန်အထိ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကျော်သော ယာဉ်များတွင် အရောင်းရဆုံးယာဉ်အဖြစ် ကောင်းစွာ ရပ်တည်နေဆဲဖြစ်ကြောင်း သိရသည်။ **Mon**



## ကုန်စည်များ အလွန်အကျွံ မဝယ်ကြရန် သတိပေး

**တိုကျို ဩဂုတ် ၁၀**

ဂျပန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ကိရိယာများနှင့် နေ့စဉ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို အလွန်အကျွံ မဝယ်ယူကြရန် သက်ဆိုင်ရာအာဏာပိုင်များက ဩဂုတ် ၁၀ ရက်တွင် ပန်ကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၁၀ ရက်က လှုပ်ရှားသော ၇ ဒသမ ၁ ရစ်ချ်တာစကေးအင်အားရှိသည့် မြေငလျင်ကြောင့် အရှေ့တောင်ပိုင်းတွင် ၁၄ ဦး ဒဏ်ရာရခဲ့ပြီး ငလျင်ကြီးအပြီးတွင် အခြားအန္တရာယ်ရှိသော ငလျင်များ ဖြစ်ပေါ်လာနိုင်ခြေများသည်ဟု အများပြည်သူကို သတိပေးခဲ့သည်။

ထိုသို့ သတိပေးပြီးနောက် စုပြုံဝယ်ယူကြသဖြင့် တိုကျိုမြို့တော်ရှိ ကုန်တိုက်တစ်ခုတွင် စာရင်းပြထားသည့် ပစ္စည်းများ ပြတ်လပ်မှုနှင့်စပ်လျဉ်း၍ ဆိုင်အရောင်းဝန်ထမ်းများက မန်နေဂျာများထံသို့ တင်ပြခဲ့သည်။

နံနက်ပိုင်းတွင် ဂျပန်နိုင်ငံရှိ အကြီးစားအွန်လိုင်းဈေးရောင်းကုမ္ပဏီဖြစ်သည့် ရကုတင်း၏ ဝက်ဘ်ဆိုက်တွင် သယ်ဆောင်နိုင်သော အိမ်သာများ၊ ကြာရှည်ခံသော စားသောက်ကုန်များနှင့် ရေဘူးများကို လူကြိုက်အများဆုံးအဖြစ် ရွေးချယ်ဝယ်ယူနေကြသည်ဟု အစီရင်ခံသည်။

ကမ်းခြေတစ်လျှောက်ရှိ လက်လီအရောင်းဆိုင်များတွင်လည်း ဒေသခံသတင်းများအရ ငလျင်အန္တရာယ်နှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းများကို တိုးမြှင့်ဝယ်ယူနေကြောင်း သိရသည်။



**Mon**

## တရုတ်နိုင်ငံအရှေ့ပိုင်းရှိ နင်းပို-ကျိုးရှန်းဆိပ်ကမ်းတွင် အင်အားပြင်းထန်သော ပေါက်ကွဲမှု ဖြစ်ပွား

**ပေကျင်း ဩဂုတ် ၁၀**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ နင်းပို-ကျိုးရှန်းဆိပ်ကမ်းတွင် ဩဂုတ် ၉ ရက်က အင်အားပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကုန်သင်္ဘောတစ်စီးအပေါ်တွင် မီးလုံးကြီးတစ်ခုဖုံးလွှမ်းပြီး လေထုထဲသို့ အမှုန်အမွှားများ ပျံ့နှံ့သွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုကဲ့သို့ ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားသော်လည်း လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုများ မရှိခဲ့ကြောင်း နင်းပိုရေကြောင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

နင်းပိုသင်္ဘောရုံးမှ အဆိုအရ ထိုသင်္ဘောသည် အန္တရာယ်များသော ကုန်ပစ္စည်းများကို သယ်ယူနေခဲ့ပြီး ဆိပ်ကမ်းတွင် ရပ်နားနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## ဘရာဇီးနိုင်ငံ ဆောပေါလိုပြည်နယ်အတွင်း ခရီးသည်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွား

**ဘရာစီးလီးယား ဩဂုတ် ၁၀**

ဘရာဇီးနိုင်ငံ ဆောပေါလိုပြည်နယ်အတွင်း ဩဂုတ် ၁၀ ရက်က ခရီးသည်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်ပေါ်ရှိ လူ ၆၁ ဦးစလုံး သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလေယာဉ်သည် အင်ဂျင်နှစ်လုံးတပ် တာဘိုပရော့လေယာဉ်အမျိုးအစားဖြစ်ပြီး ပာရာနာပြည်နယ်ရှိ ကာစကာဗေးလ်မြို့မှ ဆောပေါလိုမြို့ရှိ ဂုရားလို့စ်လေဆိပ်သို့ ဦးတည်ပျံသန်းစဉ် ဗီန်ဟယ်ဒိုးမြို့တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မိုးပတ်စ်လေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။



လေယာဉ်ပျက်ကျရာတွင် သေဆုံးသူများ၏ မိသားစုဝင်များ၊ မိတ်ဆွေများနှင့်ထပ်တူ ဝမ်းနည်းရသည်ဟု ဘရာဇီးသမ္မတ လူလာဒါဆီလ်ဗာက ထုတ်ဖော်ပြောကြားသည်။

လေယာဉ်ပျံသန်းမှုမှတ်တမ်းအချက်အလက်များကို ထုတ်ယူနိုင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားပြီး လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကလည်း စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

လေယာဉ်သည် အိမ်ရာတစ်ခုပေါ်သို့ ပျက်ကျခဲ့သော်လည်း မြေပြင်ပေါ်တွင် လူထိခိုက်မှုမရှိဘဲ လူနေအိမ်တစ်လုံးသာ ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

အဆိုပါလေယာဉ်ကို ၂၀၁၀ ပြည့်နှစ်တွင် ထုတ်လုပ်ခဲ့ပြီး ကောင်းမွန်သည့် လည်ပတ်မှုအခြေအနေတွင်ရှိကာ မှတ်ပုံတင် အာမခံလက်မှတ်များလည်း တရားဝင်ရှိသည်ဟု ဘရာဇီးအရပ်ဘက်လေကြောင်းအေဂျင်စီက အတည်ပြုခဲ့သည်။

**Mon**



## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့်တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ်၊အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၂၂၃ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)အသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း) က အသင်းဆောင်ရွက်ချက်များ အကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါး အမျိုးအစားအကြောင်း ဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)အသင်း ဒုတိယဥက္ကဋ္ဌဒေါ်သန္တာဘုန်းဝင်းက ယနေ့ခေတ်လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ဘဏ္ဍာရေးမှူးဒေါ်ကြည်မြင့်က မူးယစ်ဆေးဝါးဥပဒေအကြောင်း၊ အဖွဲ့ဝင်ဒေါ်ဝင်းပပဖြိုးက Ketamine အန္တရာယ်အကြောင်းတို့ကို အသီးသီးဟောပြောကြကာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများမှ မေးခွန်းများ မေးမြန်းခဲ့သည်။

ထို့နောက် MANA (မန္တလေးတိုင်းဒေသကြီး)အဖွဲ့ဝင်များက လက်ကမ်းစာစောင်များကို ပေးအပ်ရာ ကျောင်းဆရာကြီး ဦးသိန်းထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

## မူးယစ်ဆေးဝါး ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအုပ်စုရှိ ကျောက်ဆည်တက္ကသိုလ်၌ မူးယစ်ဆေးဝါးဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ THEATRE ခန်းမ၌ ကျင်းပခဲ့ရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ ရီရီဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ဌာနမှူးများ၊ ကထိကများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၅၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဥပဒေပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ လှလှဝင်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလက္ခဏာများအကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းဖြင့် ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များနှင့် ဥပဒေပုဒ်မများအကြောင်း စသည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းခဲ့ရာ ဥပဒေပညာဌာနမှ ပါမောက္ခဌာနမှူးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၉၉)**



## အကြမ်းဖက်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး TalkShow ဆွေးနွေးပွဲပြုလုပ်

**ကလေး ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre ) ခန်းမတွင် အကြမ်းဖက် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ(Talk Show)ကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ Talk Show ဆွေးနွေးပွဲတွင် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာထူးတို့က အကြမ်းဖက်မှု အမျိုးအစားများ အကြမ်းဖက်မှုဖြစ်ပွားခြင်း၏ အကျိုးသက်ရောက်မှုများ၊ အကြမ်းဖက်မှုခံရပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ အကြမ်းဖက်မှု ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရင်းများ စသည့်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၀၅၇)**

## တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဩဂုတ် ၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ဘုရားကြီးမြို့ မြို့အဝင်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Toe Post Sandal / Slipper ဖိနပ်အရံ ၄၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ၊ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၁၀၀၀) အပါအဝင် ကုန်ပစ္စည်း(၄)မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus (၁)စီးနှင့် ပဲခူးမြို့၊ သွန်းဘုရားကြီးရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ၂၈၃ ပုံးတို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ် (၁)စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၃ ဒသမ ၉၈၃)တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## သစ်ပင်လဲကျပြီး အိမ်ပေါ်ပိမိ ရှင်းလင်းဖယ်ရှားပေး

**ချောက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အောင်မြေရပ်ကွက်၊ အမှတ်(၆)နယ်မြေတွင် ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ် ၂ပေ၊ အမြင့် ပေ ၂၀ရှိ သစ်ပင်လဲကျ၍ နေအိမ်ပေါ်တွင် သစ်ကိုင်းများပိမိနေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် (၁)စီး၊ ရှာဖွေကယ်ဆယ်ရေး သနင်္ခမီးသတ်တပ်ဖွဲ့ဝင်များ၊ ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ သွားရောက်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**

## ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် လောက်ကိုင်ဒကစမှူးဟောင်း ထောင်တွင်း၌ သေကြောင်းကြံစည်ကြောင်း Irrawaddy သတင်းဌာနက မဟုတ်မမှန် ရေးသားဖော်ပြ

**နေပြည်တော် ဩဂုတ် ၁၀**

The Irrawaddy-Burmese Edition အမည်ရှိ Facebook Page တွင် ဩဂုတ် ၅ရက်က "လောက်ကိုင် ဒကစမှူးဟောင်းထောင်တွင်း၌ သေကြောင်းကြံစည်" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားမဟုတ်မမှန် ရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းထောင်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကျဉ်းသားသည် အကျဉ်းထောင်ရောက်သည့်နေ့မှစ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး အကျဉ်းသားအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းစည်းကမ်းအတိုင်းသာ ထားရှိကြောင်း၊ ၎င်းထားရှိသည့် တိုက်ခန်းအတွင်း၌ တားမြစ်ပိတ်ပင်ပစ္စည်းများ မရှိစေရေး နေ့စဉ်ထောင်ဖွင့်၊ ထောင်ပိတ် ရှာဖွေရေးများ ပြုလုပ်လျက်ရှိပြီး အကျဉ်းသားသည် စိတ်ဓာတ်ကျဆင်းသည့် နေထိုင်မှုပုံစံမရှိဘဲ ကျန်းမာစွာ နေထိုင်လျက်ရှိကာ မိမိကိုယ်ကို သတ်သေရန် ကြံစည်မှုမျိုးလည်း မရှိကြောင်း သိရသည်။

ထို့ကြောင့် Irrawaddy အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

**ကိုဖြိုး**

၀–၀–၀–၀–၀

# သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငွေကြေးတည်ငြိမ်ရေးတို့ကို မလိုလားသည့် NUGGETS Viber Group အပါအဝင် အဖျက်သမားများသည် နိုင်ငံခြားငွေလဲလှယ်နှုန်း ကမောက်ကမဖြစ်စေလိုသည့် ရည်ရွယ်ချက်များ၊ ဈေးကစားလိုသည့်ရည်ရွယ်ချက်များ စသည်ဖြင့် ၎င်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံခြားငွေဈေးနှုန်းများသတ်မှတ်ခြင်း၊ တရားမဝင်ရောင်းဝယ်နေခြင်းများ ဆောင်ရွက်နေကြောင်း တွေ့ရှိရ၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် (၉-၈-၂၀၂၄) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအခြေအနေတွင် NUGGETS Viber Group သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပေါ် သိက္ခာကျဆင်းစေလိုသောရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သည့်သတင်းများထုတ်ပြန်ပြီး တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်ခြင်းကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ၎င်းတို့၏ NUGGETS Viber Group မှ ထပ်မံကြေညာလာသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ယင်း NUGGETS Viber Group အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများအနေဖြင့်လည်း မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင် ခွင့်ပြုချက်လိုင်စင်ရရှိထားသည့် ဘဏ်များနှင့် Money Changer များထံတွင်သာ နိုင်ငံခြားငွေများအား ရောင်းဝယ်လဲလှယ်ခြင်းကို ပြုလုပ်ကြရန်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၁၀-၈-၂၀၂၄)

## MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်

ဘားအံ ဩဂုတ် ၁၀

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်၌ ဒေသခံပြည်သူများစုရုံး၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

### ဗီနိုင်းများကိုင်ဆောင်

ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် အကြမ်းဖက် MNDAA ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများကို တိုင်းရင်းသားပြည်သူများမှ ကန့်ကွက်ရှုတ်ချပါသည်၊ အကြမ်းဖက် MNDAA အမည်ခံ ကိုးကန့်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့အစည်းများအား တိုင်းရင်းသားအဖွဲ့အစည်းများမှ အလိုမရှိ၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း (ချက်ချင်းရပ်)၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများအားပစ်ခတ်ခြင်း (ချက်ချင်းရပ်)၊ MNDAA ၏ လူမဆန်သောရက်စက်ယုတ်မာမှုများ (ချက်ချင်းရပ်)၊ ပြည်ပဩဇာခံ ပြည်ဖျက်မိစ္ဆာများ (အလိုမရှိ)၊ မြန်မာ့တပ်မတော်၏ တရားသောစစ် (အောင်ရမည်) ဗီနိုင်းများနှင့် CRPH၊ NUG၊ PDF၊ MNDAA၊ AA၊ TNLA တို့၏ အကြမ်းဖက်လုပ်ရပ်ဓာတ်ပုံများကိုင်ဆောင်၍ သတ်မှတ်နေရာတွင် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြကာ နိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။




ထို့နောက် ဆရာတော်တစ်ပါးက MNDAA အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းပါအဖွဲ့အစည်းများကို ဆန့်ကျင်ရှုတ်ချကြောင်း ဟောပြောကာ လှိုင်းဘွဲ့မြို့နယ်မှ ပြည်သူတစ်ဦးက MNDAA အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းပါအဖွဲ့အစည်းများ၏ လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း ကရင်ဘာသာဖြင့် ဟောပြောသည်။

### ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အကြမ်းဖက် MNDAA အမည်ခံ ကိုးကန့်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့အစည်းများအား (အလိုမရှိ)၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း (ချက်ချင်းရပ်)၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများအား ပစ်ခတ်ခြင်း (ချက်ချင်းရပ်)၊ MNDAA ၏ လူမဆန်သောရက်စက်ယုတ်မာမှုများ (ချက်ချင်းရပ်) ပြည်ပဩဇာခံပြည်ဖျက်မိစ္ဆာများ(အလိုမရှိ)၊ မြန်မာ့တပ်မတော်၏ တရားသောစစ်(အောင်ရမည်) စသည့်ကြွေးကြော်သံများ ကြွေးကြော်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မိုနာလီဇာ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၃၄) ရပ်ကွက်နေ ကိုကိုလှိုင်အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ "Ye Kyaw Thu Hlaing (Ye Kyi)"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁) ရပ်ကွက်နေ ရဲကျော်သူလှိုင်အား မွန်းလွဲ ၃ နာရီမိနစ် ၅၀ တွင်လည်းကောင်း၊ "Zaw Min" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ညောင်ပင်စောင့်ကျေးရွာနေ ချစ်ကိုအား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ **ရှေ့ဖုံးမှ**

သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းတို့ကြောင့် အရောင်းဆိုင်အချို့သို့ ဆီတင်ယာဉ်မရောက်မီ စက်သုံးဆီအမျိုးအစားအချို့ ယာယီပြတ်လပ်မှုဖြစ်ပေါ်စေမည်ဟူသော ပြည်သူများ၏ စိုးရိမ်စိတ်ဖြင့် အရောင်းဆိုင်ကြီးများ၌ စက်သုံးဆီဝယ်ယူမှု ယခင်ကထက် အဆမတန်များပြားလာပြီး ယာဉ်တန်းစီမှုများ ဖြစ်ပေါ်စေခဲ့သည်။

အရောင်းဆိုင်များ၌ စက်သုံးဆီဝယ်ယူမှု အဆမတန်များပြားလာပြီး တန်းစီမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ဖြစ်စဉ်အမှန်နှင့် ပြည်သူများ လိုက်နာရမည့် အချက်အလက်များအား နေ့စဉ်ထုတ်သတင်းစာများတွင် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးကလည်း ယာဉ်တန်းစီမှုဖြစ်ပေါ်နေသော အရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှုမဖြစ်ပေါ်စေရေးနှင့် အဓိကလမ်းမများနှင့် အချက်အချာကျသော နေရာများရှိ အရောင်းဆိုင်များအတွက် Special အစီအစဉ်၊ Urgent အစီအစဉ်များဖြင့် စက်သုံးဆီဖြည့်တင်းနိုင်ရေး စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတို့၏ စီစဉ်လမ်းညွှန်မှုများဖြင့် မန္တလေးမြို့တွင်းရှိ အရောင်းဆိုင်များသို့ နေ့စဉ်စစ်ဆေးဆောင်ရွက်ရာတွင် အရောင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားအလိုက် လက်ကျန်ရှိပြီး ရောင်းချပေးမှု ရှိ၊ မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးမှု ရှိ၊ မရှိ၊ သီလဝါမှ ထွက်ခွာလာသော ဆီသယ်ယာဉ်များ သက်ဆိုင်ရာအရောင်းဆိုင်များသို့ အချိန်မီရောက်ရှိမှု ရှိ၊ မရှိတို့အား အဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် စက်သုံးဆီများ ပြတ်လပ်မှုမရှိသည်ကို သိရှိစေလိုကြောင်း၊ အရောင်းဆိုင်ကြီးများတွင်သာမက ကျန်လိုင်စင်ရ စက်သုံးဆီဆိုင်များတွင်လည်း ဝယ်ယူသုံးစွဲနိုင်ကြောင်း၊ စက်သုံးဆီများ မလိုအပ်ဘဲ အိမ်တွင်သိုလှောင်ထားရှိပါက မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူခံရနိုင်ခြင်းများကို သတိရှိကြစေလိုကြောင်းနှင့် သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချသော စက်သုံးဆီအရောင်းဆိုင်များနှင့် တရားမဝင်စက်သုံးဆီလုပ်ငန်းများကိုလည်း ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး လိုက်နာဆောင်ရွက်ခြင်းမရှိသော အရောင်းဆိုင်၊ လုပ်ငန်းများအား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း နှိုးဆော်ထားသည်ကို သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ

## နယူးကာဆယ်အသင်းက ဂျီရိုနာအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင် ရရှိ

**လန်ဒန် ဩဂုတ် ၁၀**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက နယူးကာဆယ်အသင်းနှင့်ဂျီရိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက ဂျီရိုနာအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄ မိနစ်နှင့် ၃၈ မိနစ်တွင် လောင်းစတက်စ်၊ ပွဲချိန် ၁၄မိနစ်တွင် ဂျက်ကော့စ်၊ ပွဲချိန် ၁၆မိနစ်တွင် ဂေါ်ဒွန်တို့က အသီးသီးသွင်းယူပေးခဲ့သည်။



နယူးကာဆယ်အသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၇ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အပေါ်ပုံ)**(NGB)

## နည်းပြ ကာစလေ အင်္ဂလန်လက်ရွေးစင်အသင်း၏ ယာယီနည်းပြအဖြစ် ခန့်အပ်ခြင်းခံရ

**လန်ဒန် ဩဂုတ် ၁၀**



အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) သည် နည်းပြကာစလေအား အင်္ဂလန်လက်ရွေးစင်အသင်း၏ ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အင်္ဂလန် ယူ-၂၁ အသင်းအား ၂၀၂၁ခုနှစ် ဇူလိုင်လက စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၉ပွဲတွင် ၂၃ ပွဲနိုင်၊ ၁ ပွဲ သရေ၊ ၅ပွဲရှုံး ရလဒ်ဖြင့် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်မှုကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းကြီး၏ ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA)ထုတ်ပြန်ချက်တွင် "နည်းပြကာစလေအင်္ဂလန်လက်ရွေးစင်အသင်း၏ ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ပါတယ်။ သူအနေနဲ့လည်း လက်ရွေးစင်အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**(NGB)

## ကော်နာဂယ်လင်ဟာအား ၅ နှစ် စာချုပ်ဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၁၀**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ကော်နာဂယ်လင်ဟာအား ပြောင်းရွှေ့ကြေး ယူရို ၄၂ သန်းဖြင့် ၅နှစ် စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၄နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၃ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(ယာပုံ)** (NGB)



## အော်လ်မို ဘာစီလိုနာအသင်းတွင် ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**ဘာစီလိုနာ ဩဂုတ် ၁၀**

ကွင်းလယ်တိုက်စစ်ကစားသမားအော်လ်မို ဘာစီလိုနာအသင်းတွင် ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ယူရိုသန်း ၆၀ဖြင့် ၆နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း အော်လ်မိုအား စာချုပ်ဖျက်သိမ်းကြေး ယူရိုသန်း၅၀၀တန်စာချုပ်ပါ ထည့်သွင်းချုပ်ဆိုခဲ့သည်။

အသက် ၂၆နှစ်အရွယ်ရှိ အော်လ်မိုက "ကျွန်တော် ဘာစီလိုနာအသင်းမှာ ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားခွင့်ရဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။ **(အောက်ပုံ)** (NGB)



## 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Anna Bondar တက်ရောက်

**ဟမ်းဘတ် ဩဂုတ် ၁၀**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဟန်ဂေရီတင်းနစ်မယ် Anna Bondar တက်ရောက်ခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်မယ် Anna Bondar သည် 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီယားတင်းနစ်မယ် Olga Danilovic အား ၆-၁၊ ၃-၆၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Anna Bondar နှင့် နယ်သာလန်တင်းနစ်မယ် Arantxa Rus တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* လက်စတာစီးတီးအသင်းသည် ဂါလာတာစာရေးအသင်း တောင်ပံကစားသမား ဇာဟာအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ချဲလ်ဆီးအသင်းသည် ဝုဖ်အသင်း တောင်ပံကစားသမား ပီဒရိုနီတိုအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## ဂိုးသမား ဒီဂီယာအား ဖီအိုရင်တီးနားအသင်း ခေါ်ယူ

**တူရင် ဩဂုတ် ၁၀**

ဖီအိုရင်တီးနားအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဂိုးသမားဒီဂီယာအား ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၁-၂၀၁၂မှ၂၀၂၂-၂၀၂၃ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄၅ ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီအိုရင်တီးနားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၃၃နှစ်အရွယ်ရှိ ဒီဂီယာက "ကျွန်တော် ဖီအိုရင်တီးနားအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဖီအိုရင်တီးနားအသင်း ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**(NGB)




### ၂၀၂၄ အမ်းမရိတ်စ် ဖလားဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၁၁-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည၇း၃၀ နာရီ (အမ်းမရိတ်စ်ကွင်း) | အာဆင်နယ်(အင်္ဂလန်) - လိုင်ယွန်(ပြင်သစ်) | အာဆင်နယ် ၃-၀ လိုင်ယွန် (၈-၁၂-၂၀၂၂ခြေစမ်းပွဲ) |

### အင်္ဂလိပ် ချန်ပီယံရှစ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၁-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည၉း၃၀နာရီ | ရှက်ဖီးလ်Wed - ပလိုင်းမောက် | ရှက်ဖီးလ်Wed ၁-၀ ပလိုင်းမောက်<br>ပလိုင်းမောက် ၃-၀ ရှက်ဖီးလ်Wed |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၁-၈-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၄)ရတနာပုံ - ရန်ကုန်(၃)<br>(D,W,W,L,W) (W,W,D,W,D) | ရတနာပုံ ၀-၃ ရန်ကုန်<br>ရန်ကုန် ၄-၀ ရတနာပုံ |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၁-၈-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၆း၀၀ နာရီ | လီဗာပူး(အင်္ဂလန်) - ဆီဗီလာ(စပိန်) |
| ။ | ည ၇း၃၀ နာရီ | အက်သလက်တီကို(စပိန်) - ဂျူဗင်တပ်(အီတလီ) |
| ။ | ည ၈း၃၀ နာရီ | ချဲလ်ဆီး(အင်္ဂလန်) - အင်တာမီလန်(အီတလီ) |
| ။ | ။ | ပဲလေ့စ်(အင်္ဂလန်) - နန့်တက်စ်(ပြင်သစ်) |

# ဦးကြင်ဥ စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် အမှတ်(၃)ရပ်ကွက်တွင် နိုင်ငံတော်မှ မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် ဦးကြင်ဥ စာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်မြေနေရာ၌ ဆောင်ရွက်ခဲ့သည်။ **(အောက်ဝဲပုံ)**



ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့် စာကြည့်တိုက်များ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ အသီးသီး၌ရတနာ ပန္နက်စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။ **ခနွံဝင်း(ဆင်ပေါင်ဝဲ)**



# သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၀**

၂၀၂၄ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောပွဲနှင့် ပန်းခင်း(၃)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်းကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်များ၊၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆောင်ရွက်မည့်ကာလနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများ၊လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊သန်းခေါင်စာရင်းကောက်ယူရာမှာ စာရင်းကောက်များ လိုက်နာရမည့်အချက်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများကိုလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေးဟောပြောခြင်းနှင့်အတူ ပန်းခင်း(၃)စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးပြီး Biometric Uid ကိုယ်ရေးအချက်အလက်များတစ်ပါတည်း ကောက်ခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၇၂)**

# သရက်မြို့၌ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝင်းအတွင်း၌ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမ ၃၁၄ ဦးခန့်ဖြင့် ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်လင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



# မြို့နယ်အဆင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေး ကျင်းပ

**ရှာင် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်တွင် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်မှာစကားပြောကြားပြီး၊ လူမှုဝန်ထမ်းဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက ကလေးသူငယ်အခွင့်အရေးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးကိုကောင်းမွန်စွာ အသုံးချတတ်စေရေးနှင့် ကောင်းကျိုးများ၊ ဆိုးကျိုးများ၊ အသက်မပြည့်သေးသော ကလေးသူငယ်များအား တရားမဝင်လူကုန်ကူးခြင်း၊ကလေးအလုပ်သမားများပပျောက်ရေးနှင့် သက်ငယ်မုဒိမ်းများ၏ ပြစ်ဒဏ်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောဌာနဆိုင်ရာများက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၃၃၈)**




# စုတည်ကျေးရွာတွင် (VRFP) စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စုတည်ကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာ မ,တည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် ဝန်ထမ်းများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကာလသတ်မှတ်ချက်များနှင့် အတိုးအရင်းငွေ အချိန်မီပေးသွင်းရေးကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် အကျိုးခံစားခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက စုတည်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက စုတည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်းအား စနစ်တကျထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(၄၄၅)**





## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုး

**မန္တလေး ဩဂုတ် ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ဓာတ်အားခွဲရုံတွင် ကျင်းပရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ ဦးတင်အောင်ဦးစီးပြီး ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ရုံးချုပ်ဝန်ထမ်းများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၇ ခုမှ ဝန်ထမ်းများ စုပေါင်းပြီး ကျွန်းပင် ၂၅ ပင်၊ ပန်းအလှပင် ၆၃ ပင်၊ သီးပင်စားပင် ၁၅၅ ပင်၊ အရိပ်ရလေကာပင် ၁၃၀ ပင် စုစုပေါင်းသစ်ပင် ၃၇၃ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

*- *- *- *- *

## ချည်မျှင်ရှည်ဝါများ စတင်စိုက်ပျိုးလျက်ရှိ

**နတ်မောက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် မေ ၁၉၊ ၂၀ရက်များတွင် မိုးဦးမိုးရွာသွန်းခဲ့ပြီး ယင်းမိုးရေဖြင့် မိုးသီးနှံများဖြစ်သည့် နှမ်းလျှင်၊ပင်ထောင်မြေပဲ၊ သီးညှပ်သီးနှံ ပဲစင်းငုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးခဲ့သည်။

မေလအတွင်း စိုက်ပျိုးခဲ့သည့် မိုးသီးနှံများအနက် နှမ်းလျှင်၊ ပင်ထောင်မြေပဲ၊သီးညှပ်သီးနှံများသည် အပင်ပေါက်ရောက်မှုအားကောင်းခဲ့ပြီး ဝါသီးနှံများမှ အပင်ပေါက်ရောက်မှု အားနည်းခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဇူလိုင် ၉ ၊ ၁၉၊ ၂၀၊၂၂ ရက်များက မိုးရွာသွန်းမှုကြောင့် အစိုဓာတ်ဖြင့် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလျက်ရှိကြောင်း၊ အထူးသဖြင့် တောင်သူများအနေဖြင့် ရွှေတောင်-၈၊ ရွှေတောင်-၁၀ ဝါမျိုးစေ့များကို အသုံးပြု စိုက်ပျိုးကြကြောင်း အကျိုးဆောင်တောင်သူတစ်ဦးက ပြောသည်။

နတ်မောက်မြို့နယ်တွင် မိုးချည်မျှင်ရှည်ဝါ ၂၈၂၇၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ၁၅၀၀၀ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

မူမူစန်း

*- *- *- *- *

*- *- *- *- *-*

## ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အောင်လံ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ်စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၇ နာရီက အောင်လံမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အတွင်းနေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ သစ်ရွက်ခြောက်များ၊ ပေါင်းမြက်၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အာကာ(ပြန်/ဆက်)



## ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ရေနံချောင်း ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ရုံးကုန်းကျေးရွာအုပ်စု၊ ယင်းမချောင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ယင်းမချောင်းကျေးရွာ၌ 7.6KW ရှိသော ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရှည်ပေ ၁၂၀၀ ရှိသော ခြံစည်းရိုးကာရန်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ယင်းမချောင်းကျေးရွာ၌ အဆိုပါ ဆိုလာစနစ်သုံးရေရရှိရေးလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် ၂၄ ဒသမ ၁၅၁ သန်းအသုံးပြုပြီး ဇေယျာစွမ်းထက်ကုမ္ပဏီက တာဝန်ယူ၍ မေ ၁၆ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ယင်းမချောင်းကျေးရွာရှိ အိမ်ခြေ ၁၂၁အိမ်၊ လူဦးရေ ၆၈၄ဦးနှင့် ကျွဲ၊နွား၊တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ချောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

နော်လူး

## ဆန်များအား ရည်ညွှန်းဈေးအတိုင်း ပုံမှန်ရောင်းချနိုင်ရန် ဆန်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေး



**မြို့သစ် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် စားသုံးဆီဆိုင်များ၊ ဆန်ဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချခြင်း ရှိ၊ မရှိနှင့် ကုန်ညွှန်းအမှတ်အသားများပါရှိရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့၊ မြို့မဈေးနှင့် ရပ်ကွက်များရှိ ကုန်စုံဆိုင်များနှင့် ဆန်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့သစ်မြို့နယ်တာဝန်ခံများ ပူးပေါင်းကာ မြို့မဈေးအတွင်းရှိ ဆန်ဆိုင်များ၊ စားသုံးဆီအရောင်းဆိုင်များသို့ဝင်ရောက်၍ စားသုံးဆီနှင့်ဆန်များအား ရောင်းချပေးရာ၌ ကုန်းညွှန်းအမှတ်အသားများကပ်ထားခြင်း ရှိ၊ မရှိ ဆန်များအား သတ်မှတ်ထားသည့်ဈေးနှုန်းထက်ကျော်လွန်ရောင်းချခြင်းမပြုလုပ်ရန် ကွင်းဆင်းစစ်ဆေး၍ ဆီဆိုင်ပိုင်ရှင်နှင့် ဆန်ကုန်သည်များအား ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**သရက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ) ဇော်ထက်(သရက်)



# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၈၂)

သွယ်ဇေအောင်

၁၉၉၀ ပြည့်နှစ် ဇူလိုင်လထုတ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၏ စာမျက်နှာပေါ်ကနေ 'မာဆိုး' ဘုံကလောင်ဖြင့် **'ပိုင်စိုးဝေ သို့မဟုတ် ကမ်းပါးမရှိတဲ့ မြစ်တစ်စင်း'** စာပေ အင်တာဗျူးတွင် ရေးခဲ့သော အမေးနှင့်အဖြေများကို ပြန်ဖတ်ကြည့်ရင်း အတိတ်မှ သက္ကရာဇ်များကို ပြန်လှည့်ကြည့်ဖြစ်နေမိသည်။ တစ်ဆက်တည်း ဆရာပိုင်စိုးဝေ၏အသံများကိုလည်း ပြန်လည်ကြားယောင်နေမိသည်။

**မေး- 'သိန်းစွန်ငှက် အပြန်လမ်း၊ 'သောမနသလမ်း'၊ 'လူဆိုတာ အနွေးဓာတ်လိုတယ်' ဆိုတဲ့ ကဗျာရှည်တွေ ရေးခဲ့တယ်မဟုတ်လား၊ ကဗျာရှည်တွေကို သာရမဂ္ဂဇင်းက အမည်တပ်သလို (ကဗျာဝတ္ထု)လို့ အမည်တပ်လို့ရပါ့မလား၊ အမည်တပ်ခဲ့ရင်ကော ဆရာကြိုက်ပါ့မလား**

ဖြေ-(ကဗျာဝတ္ထု)ဆိုတာ အဆန်းတော့ မဟုတ်ပါဘူး၊ ရှေးခေတ်ကဗျာဆရာကြီးတွေနဲ့ ဆရာဒေါင်းနွယ်ဆွေရဲ့ လုံးချင်းဝတ္ထုကဗျာရှည်ကြီးတွေ အပါအဝင် မြန်မာစာပေလောကမှာ ဇာတ်လမ်းကို ကဗျာနဲ့ ရေးခဲ့ကြတာတွေ ရှိပြီးသားပါ။ အဲဒီတော့ (ကဗျာဝတ္ထု)ဆိုတဲ့ အသုံးအနှုန်းကိုလည်း လွယ်လွယ်ပဲ သုံးနိုင်ခွင့်ရှိတာပေါ့လေ။ ဒါပေမယ့် ဒီနေ့ခေတ်မဂ္ဂဇင်းကဗျာရှည်တွေကို (ကဗျာဝတ္ထု) လို့ သုံးတာကတော့ တစ်မျိုးကြီးပဲပေါ့။

ဘာနဲ့မှ နှိုင်းယှဉ်ချိန်စက်လို့ မရနိုင်တဲ့ ကဗျာဆိုတဲ့ အရည်အသွေးဟာ ဝတ္ထုဆိုတဲ့ စကားလုံးနဲ့ တွဲဖက်မှုကြောင့် တန်ဖိုးကျဆင်းသွားရတယ်လို့ ကျွန်တော်တော့ ယူဆတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မဂ္ဂဇင်းမာတိကာထဲမှာ ပါနေကျဖြစ်တဲ့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာဆိုတာကနေ (ကဗျာဝတ္ထု)ဆိုတာ တိုးလာရတာကတော့ ကိုယ်ပိုင်တဲ့ မဂ္ဂဇင်းတစ်ခုရဲ့ မာတိကာအောက်မှာ ကိုယ်ကြိုက်တဲ့ ခေါင်းစဉ်တပ်နိုင်ခွင့်ရှိတယ်လို့ ယူဆမှုကြောင့် ဖြစ်နိုင်သလို (ဝတ္ထုမဂ္ဂဇင်း)ဆိုတဲ့ လုပ်ပိုင်ခွင့်ကျဉ်းကျဉ်းကလေးထဲမှာ တတ်နိုင်သမျှ တိုးချဲ့ဖို့ ကြိုးစားထားတဲ့ စေတနာနဲ့လည်း ဖြစ်နိုင်ပါတယ်။ လုပ်ငန်းသဘောနဲ့လည်း သက်ဆိုင်နေတော့ ကာယကံရှင်တွေမှ ပိုသိမှာပါ။ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ အမည်ပညတ်ဟာ သိပ်အရေးမကြီးပါဘူး။ အဲဒီတော့ တပ်လို့ရတယ်လို့ ပြောရမှာပေါ့၊ ကျွန်တော့်ကဗျာရှည်တွေကို (ကဗျာဝတ္ထု)လို့ အမည်တပ်ခဲ့ရင်တော့ မကြိုက်ပါဘူး။

**မေး- ဆရာပိုင်စိုးဝေရဲ့ ကဗျာတွေကို လတ်ဆတ်သစ်လွင်တဲ့ ကဗျာတွေလို့ သတ်မှတ်ရင် ရနိုင်ပါ့မလား။**

ဖြေ- ရနိုင်တာပေါ့ဗျာ။ ဟဲ ဟဲ ဟဲ ဟဲ။ ရယ်စရာပြောတာပါ။ တကယ်တော့ ဒီမေးခွန်းဟာ ကျွန်တော့်ကို မေးရမယ့် မေးခွန်းမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော့်ကဗျာတွေဟာ လတ်ဆတ်သစ်လွင်တဲ့ ခေတ်ပေါ်ကဗျာတွေ ဟုတ်၊ မဟုတ် ကျွန်တော်ဖြေဆိုခွင့်မရှိပါဘူး။ ဒါက နံပါတ်တစ်အချက်လို့ ထားပါတော့။




နံပါတ်နှစ်အချက်က လတ်ဆတ်သစ်လွင်တဲ့ ခေတ်ပေါ်ကဗျာဆိုတာ ဘယ်လိုဟာတွေလဲ၊ ကဗျာတစ်ပုဒ်ကို ဖတ်ပြီး စိတ်ထဲမှာ ခံစားသိရှိလိုက်ရပေမယ့် ဒါဟာ ဘယ်လိုကဗျာရယ်လို့ အတိအကျခွဲခြမ်းစိတ်ဖြာပြီး ကျွန်တော်မပြောတတ်ဘူး။ ကျွန်တော်ကိုယ်တိုင် ရေးထားတဲ့ ကဗျာတွေကျတော့ ပိုပြီး မပြောတတ်တာပေါ့။

မျက်မှောက်ခေတ်ကို ထင်ဟပ်ရေးဖွဲ့ထားတဲ့ အချစ်ကဗျာတွေ၊ တက္ကသိုလ်နောက်ခံအချစ်ကဗျာတွေဟာ လတ်ဆတ်သစ်လွင်ပါတယ်။ ခေတ်ပေါ်ကဗျာ မဟုတ်ဘူးလို့လည်း ဘယ်သူငြင်းနိုင်မှာလဲ။ ဒါပေမယ့် ဒီကဗျာတွေကို လတ်ဆတ်သစ်လွင်တဲ့ ကဗျာတွေ၊ ခေတ်ပေါ်ကဗျာတွေလို့ ခင်ဗျားတို့ ကျွန်တော်တို့ တန်ဖိုးထားသတ်မှတ်လို့လား။ ချာတူးလန် အပျင်းပြေ အပျော်ဖတ်ကဗျာတွေ သတ်မှတ်ကြတယ်မဟုတ်လား။ တကယ်တမ်း ခင်ဗျားတို့ ကျွန်တော်တို့ တန်ဖိုးထားတဲ့ ကဗျာတွေကတော့ ဂန္တဝင်လက်သစ်တွေ စိတ်ပျက်ငြီးငွေ့စရာ အလွမ်းအမောတွေ ဒီနေ့ခေတ်မျက်မှောက်ကာလနဲ့ အလှမ်းဝေးတဲ့ ခေတ်လွန်အတွေးတွေဘဲ မဟုတ်လား။

အဲဒီတော့ ကဗျာရဲ့တန်ဖိုးဟာ လတ်ဆတ်သစ်လွင်တာတို့ ခေတ်ပေါ်ဖြစ်တာတို့ အပေါ်မှာ အဓိကရှာဖွေလို့ ရနိုင်မယ်မထင်ပါဘူး။ ဘာပဲဖြစ်ဖြစ် အပျင်းပြေ အပျော်ဖတ်အဆင့်ထက် လွန်တဲ့ ချာတူးလည်းမလန်၊ တက္ကသိုလ်နောက်ခံလည်းမဟုတ်ဘဲ ဒီကနေ့ မျက်မှောက်ကာလကို ထင်ဟပ်ရုံသာမက ပုံသဏ္ဌာန်ရော အကြောင်းအရာပါ လတ်ဆတ်သစ်လွင်ပြီး စာပေတန်းဝင်တဲ့ ခေတ်ပေါ်ကဗျာတွေ မြန်မာစာပေလောကမှာ အရှိန်အဟုန်ကြီးမားစွာ စီးဆင်းနေပါပြီ။

အဲဒီလို အားကောင်းမောင်းသန် စီးဆင်းနေတဲ့ ခေတ်ပေါ် မြန်မာကဗျာရေစီးကြောင်းထဲမှာ ပိုင်စိုးဝေရဲ့ ကဗျာဆိုတာ သီးသန့်ဆွေးနွေးရလောက်အောင် အရေးမပါလှသေးပါဘူး။ အဲဒါနံပါတ်သုံးအချက်ပဲလို့ ဆိုပါတော့။

**မေး- အကြောင်းအရာတစ်ခုတည်းကို ဦးတည်ပြီးတော့ ကဗျာရော၊ ဝတ္ထုရော ရေးခဲ့ဖူးတာရှိပါသလား၊ သိပါရစေ။**

ဖြေ- ရှိပါတယ်။ အခြားအကြောင်းအရာတွေပေါ်မှာ ကဗျာရော ဝတ္ထုပါ နှစ်မျိုးလုံး ရေးခဲ့ဖူးတာ မရှိသလောက်ဖြစ်ပေမယ့် အမေနဲ့ ပတ်သက်တဲ့ အကြောင်းအရာမှာတော့ ရေးခဲ့ဖူးပါတယ်။ ရေးခဲ့ဖူးတာမှ ကဗျာနဲ့ ဝတ္ထုတင်မကဘူး။ အမှာစာအနေနဲ့ပါ သုံးမျိုးတောင် ရေးခဲ့ဖူးတာဗျ။ 'နေရောင်ခြည်နဲ့ တွေ့ဆုံခြင်း' ဆိုတဲ့ ကဗျာစာအုပ်ရဲ့ အမှာစာရယ်၊ မဟေသီမဂ္ဂဇင်းထဲမှာ ပါခဲ့တဲ့ 'အမေ့အတွက် ကတ်တလောက်စာအုပ်အသစ်' ဆိုတဲ့ ဝတ္ထုတိုလေးရယ်၊ ရုပ်ရှင်အောင်လံမဂ္ဂဇင်းထဲမှာ ပါခဲ့တဲ့ 'သိန်းစွန်ငှက်ရဲ့ အပြန်လမ်းပေါ်က' ကဗျာရှည်ရယ် သုံးမျိုးပေါ့။ အဲ ကြုံလို့ပြောလိုက်ရဦးမယ်။ အဲဒီကဗျာရဲ့ မူရင်းနာမည်အပြည့်အစုံက 'သိန်းစွန်ငှက် အပြန်လမ်းပေါ်က တောကျီးကန်းတစ်အုပ်နဲ့ အလွမ်းသီချင်းတစ်ပုဒ်' ပါ။ အယ်ဒီတာဆရာများက နည်းနည်းပါးပါး တိလိုက်တာပေါ့။

ဘာဖြစ်လို့ တူညီနေသလဲဆိုတော့ နေရောင်ခြည်နဲ့ တွေ့ဆုံခြင်း ကဗျာစာအုပ်ရဲ့ အမှာစာမှာ ကဗျာဆရာတစ်ယောက်နဲ့ပတ်သက်တဲ့ အမေတစ်ယောက်ရဲ့ ရုပ်ပုံကို ရသဟန်ပါတဲ့ အမှာစာကလေးတစ်ခု ရေးလိုက်မိတယ်။ နောက် အမေ့အကြောင်း ဝတ္ထုကို ရေးပြန်တော့ အလိုအလျောက်ပြန်သုံးသပ်မိလိုက်တယ်။ နောက်ဆုံး အမေသေတဲ့ အချိန်မှာ အမေ့အတွက် ကဗျာရှည်တစ်ပုဒ်ရေးမိပြန်တော့လည်း မလွဲမရှောင်သာ ထည့်သုံးမိပြန်တာပေါ့။ ဒါကြောင့် အဲဒီ (၃)မျိုးမှာတော့ အမေဆိုတဲ့ အကြောင်းအရာတစ်ခုတည်းအပေါ်မှာ ထပ်ခါထပ်ခါသုံးမိသွားတယ်။

**မေး- အဲဒီ 'သိန်းစွန်ငှက် အပြန်လမ်းပေါ်က' လို အမေ့အတွက် ခံစားရတဲ့ ကဗျာရှည်တစ်ပုဒ် နောက်ထပ်များ ရေးဖို့ စိတ်ကူးရှိပါသေးသလား ဆရာ။**

ဖြေ- ကျွန်တော့် အမေဟာ တစ်ခါပဲ သေခဲ့ဖူးတော့ အမေ့အတွက် ကဗျာလည်း တစ်ပုဒ်ဘဲ ရေးနိုင်မှာပါပဲ။

**မေး- ဒီကနေ့ ကဗျာဆရာတစ်ယောက်ဖြစ်ဖို့ ဘယ်လိုခံယူကျင့်သုံးရမလဲ။ ဆရာ့အယူအဆနဲ့ ဆရာဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံကို ပြောပြစေချင်ပါတယ်။**

ဖြေ- ခေတ်ပြိုင်ဘဝတွေကို ဖြတ်သန်းရင်း ကဗျာဆရာလုပ်မယ့် လူတစ်ယောက်ဟာ ကဗျာရေးနည်း ဥပဒေသတွေကို နောက်မှလေ့လာပြီး ကဗျာဆရာတစ်ယောက် ဘယ်လိုလမ်းလျှောက်ရမယ် ဆိုတာကို ပထမဆုံးသင်ယူဖို့ လိုလိမ့်မယ်။ အမှတ်တမဲ့ လက်ဖက်ရည်ဆိုင်အထိုင်များမိလို့ တစ်ဘဝလုံး လွဲချော်သွားရတဲ့ ကဗျာဆရာတွေ အများကြီးကြုံခဲ့ဖူးလို့ပါ။

ကဗျာဆရာတစ်ယောက်ဖြစ်ဖို့ ဘယ်လိုခံယူကျင့်သုံးရမလဲဆိုတာကို ယေဘုယျကျတဲ့ သဘောတရားတွေ ပြောလို့ရနိုင်တာ ရှိတော့ရှိတာပေါ့လေ။ ဒါပေမယ့် ကျွန်တော်သိပ်မပြောတတ်ပါဘူး။ တစ်ဦးချင်းစီမှာတော့ ကိုယ်ဖြတ်သန်းနေရတဲ့ ဘဝနဲ့ ပတ်ဝန်းကျင်အနေအထားအရ အမျိုးမျိုးရှိနိုင်တာပေါ့။

အဓိကကတော့ ကဗျာဆရာတစ်ယောက်ဟာ သစ္စာတရားက မငြင်းဆိုနိုင်တဲ့ အလှအပကို မြတ်နိုးတတ်ဖို့ လိုမယ်။ ဒီနေရာမှာ ကျွန်တော်ရေးထားတဲ့ ကဗျာတစ်ပုဒ်ဗျာ။ ခင်ဗျားစောစောတုန်းကတောင် ပြောသေးတယ်။ **'သောမနသလမ်း'** ကဗျာထဲမှာ ပါတဲ့ စာပိုဒ်ဟာ ကျွန်တော်ပြောချင်တာနဲ့ နီးစပ်မလားတော့ မသိဘူး။ နေပါဦး။ အဲ့ဒီစာအုပ် ဟိုစာအုပ်စင်ပေါ်မှာ ရှိတယ်။ ရုပ်ရှင်အောင်လံမဂ္ဂဇင်းလေ။ နေဦး။ ခဏနေဦး။ ဒီမှာဗျာ။ ကဲ အဲ့ဒီစာပိုဒ် ဖတ်လိုက်စမ်းပါ။

**ကဗျာဆရာတစ်ယောက်ဖြစ်ပြီးရင်**<br>
**နောက်ထပ် ဘာမှမလိုချင်တော့ဘူး**<br>
**အဲဒီစကား ကျွန်တော်လေးစားမိရဲ့**<br>
**ဒါပေမယ့် အဲဒီစကား**<br>
**သစ္စာတရားဖြစ်ဖို့တော့ လိုလိမ့်မယ်။**<br>
**စကားဟာ တရားမဟုတ်လို့**<br>
**ထွေးထုတ်ပစ်မလား မြိုချလိုက်မလား**<br>
**ခင်ဗျားနဲ့ပဲ သက်ဆိုင်မယ်။**<br>
**ကမ္ဘာမြေတစ်ခွင်မှာ**<br>
**ကဗျာသေရင် ငါမနေချင်တော့ဘူးရယ်လို့**<br>
**ဟစ်အော်ကြွေးကြော်ဖို့ရာ**<br>
**မည်သူမျှ ဝန်မလေးလှပါဘူး။**<br>
**ဒါပေမယ့်**<br>
**ကဗျာဆရာတစ်ယောက်ဟာ**<br>
**ဟောဒီကမ္ဘာကြီးကို**<br>
**သူပြောလိုတာ တစ်ခုခုတော့ ရှိရမှာပေါ့**<br>
**ရှိကို ရှိနေရမှာပေါ့။**

ဟုတ်ပြီ ဟုတ်ပြီ ဟုတ်ပြီ။ နေဦး။ နောက်ဆုံးအပိုဒ်ဖတ်စမ်းပါဦး။ ပေး ပေး။ ကျွန်တော်ကိုယ်တိုင် ဖတ်မယ်။ ကျွန်တော်က ကိုယ့်ကဗျာကို ကိုယ်တိုင်ဖတ်ပြရမှ ပိုပြီးအားရတာ။

**ဒိဋ္ဌမမှဆန်တဲ့**<br>
**ဟောဒီလောကကြီးရဲ့ ဝမ်းဗိုက်ကို**<br>
**ဖောက်ခွဲစားသုံးဖို့ရာ**<br>
**ခင်ဗျားတို့ ကျွန်တော်တို့ အားလုံးဟာ**<br>
**ကဗျာဆရာဖြစ်ခဲ့ရပြီ။**<br>
**ကဗျာဆရာဖြစ်ခဲ့ရပြီ။**<br>
**ကဗျာဆရာဖြစ်ခဲ့ရပြီ။**

ဒါလောက်ပါပဲ။ ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေ ပြောနေရင်တော့ ပျင်းစရာကြီးနေမှာပါ။ အခြားကဗျာတွေထက် ပိုပြီး ဘာမှ ထူးထူးခြားခြား မရှိလှပါဘူး။



# စာပေဝါသနာရှင်များ စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၀**

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့်ရရှိသည့် အတွေးအမြင်ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်စာရေးဆရာများ၊ စာရေးဆရာမများနှင့် စာပေဝါသနာရှင်များက စာရေးဆရာကြီး ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်ရုံး၊ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ စာရေးဆရာမ မေချို (ပျဉ်းမနား)၊ စာရေးဆရာ အိုင်ပီ မျိုးအောင်၊ စာရေးဆရာ သဘာဝ၊ စာရေးဆရာ မောင်လေပြေ (တောင်တွင်း)၊ စာရေးဆရာ ရွှေပြည်စိုး(မိုးကုတ်)၊ စာရေးဆရာမ လုံမငယ်(လူမှု)၊ စာရေးဆရာ အညာသားဗထူး၊ စာရေးဆရာ ကျော်မြင့်လွင်(မှော်ဝန်း)၊ စာရေးဆရာမ နန်းနန်း(စပါးကျီ) နှင့် စာပေဝါသနာရှင်များက စာရေးဆရာကြီး ဒေါက်တာ ခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်တွင် ပါဝင်သည့် "လူငယ်နှင့်အမှား၊ လူငယ်နှင့်အောင်မြင်ခြင်း၊ လူငယ်နှင့် စူးစမ်းစိတ်၊ လူငယ်နှင့်ဘေးအန္တရာယ်၊ လူငယ်နှင့်တာဝန်သိမှု၊ လူငယ်နှင့်အလှအပ၊ လူငယ်နှင့် လူမှုရေးအတွေးများ၊ လူငယ်နှင့် ဒဿန" စသည့် ခေါင်းစဉ်များ အလိုက်ဖတ်ရှု၍ မိမိတို့၏ ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးခဲ့ပြီး စာရေးသူ၏ ခံစားမှုရသများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

---



# ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ရရှိ

**ရေနံချောင်း ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် အခြေခံစားကုန်ဖြစ်သော ဟင်းသီးဟင်းရွက်ကို နွေ၊ မိုး၊ ဆောင်းတို့တွင် စိုက်ပျိုးခြင်းဖြင့် မြို့နယ်အတွင်းရှိ ဈေးအပြင် ချောက်မြို့နယ်၊ ဝွေးပင်ဈေး၊ ကျောက်ပန်းတောင်းမြို့နှင့် မကွေးမြို့များအထိ တင်ပို့ရောင်းချရပြီး မိသားစုဝင်ငွေ ရရှိနေကြသည်။ ဟင်းသီးဟင်းရွက်ကို စိုက်ပျိုးရာတွင် ဘူး၊ သခွား၊ ကန်စွန်း၊ နံနံ၊ ဆလပ်၊ မုန့်ညင်း၊ ခဝဲအပြင် ဟင်းသီးဟင်းရွက်ကို အမျိုးစုံအောင် စိုက်ကြသည်။

(အပေါ်ပုံ)

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံ စိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက် ၂၃၈ ဧက လျာထားလုပ်ကိုင်လျက်ရှိပြီး ယနေ့အထိ ၁၃၃ ဧကစိုက်ပျိုးစီးကြောင်း၊ ယခင်နှစ် မိုးသီးနှံ ၂၃၈ ဧက စိုက်ခဲ့ပြီး ရိတ်သိမ်းရာတွင် ၂၃၈ ဧက ရိတ်သိမ်းခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၇၂)

---



---

ပြည်သူများ လျှပ်စစ်ဓာတ်အားမပြတ်တောက်စေရေး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး Plan Loadshed ချိန်အတွင်း 400 v line နှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်း ရှင်းလင်းခြင်းအား လသာမြို့နယ်၊ အနော်ရထာလမ်းတစ်လျှောက်တွင် လသာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့တော်စည်ပင် ပန်းဥယျာဉ်ဌာနတို့ပူးပေါင်း၍ ဩဂုတ် ၁၀ ရက် နံနက်က ဆောင်ရွက်စဉ်။

(ကဆ)



---

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မေတ္တာရေစင်

* ရွှေမန္တလေး ရတနာပုံ
နံနက်လင်းအရုဏ် ။

* ပုံ တောင်ခေါက်သံ အမြဲကြား
နာပျော်ပီတိပွား ။

* ဘုရားသွားဖို့ ပြင်ကြပြီ
ရေချမ်း ပန်းစုံညီ ။

* နိဗ္ဗာန်ရည် စိတ်ကမုန်း
သစ်သီး ဆွမ်း လှူဒါန်း ။

* သာသနာလွှမ်းတဲ့ ရတနာပုံ
ရတနာတွေစုံ ။

* အရုဏ်ဦးမှ အစပြု
ကုသိုလ်ကောင်းမှုပြု ။

* သာဓုခေါ်ဖို့ အမျှဝေ
အားလုံးရကြစေ ။

* ကမ္ဘာမြေ အေးစေကြောင်း
မေတ္တာရေစင်လောင်း ။ ။

မောင်မိုးဝင်း(မန္တလေး)

---

# လွဲလွဲလေးလည်း ကောင်းပါတယ်

### ရုပ်ရှင်အကျဉ်း

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် "လွဲလွဲလေးပဲကောင်းပါတယ်" ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

ဇာတ်ကားထဲမှာ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် မြင့်မြတ်၊ အိချောပို၊ ခင်လှိုင်၊ တက္ကသိုလ်ဝှမ်းပုံ၊ ကေညီ၊ ဇော်ဝင်းနိုင်၊ အုန်းသီး၊ စိစိ၊ ချစ်လှလှ၊ ချက်ကြီး၊ ဖိုးသဲ၊ ဂျက်လီ၊ သွက်လက်၊ စူပါလင်း၊ ဝိုင်းဝိုင်းလည်နဲ့ ဟာသသရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားတဲ့ အချစ်ဟာသရုပ်ရှင်ဇာတ်ကားကြီး ဖြစ်ပါတယ်။

"လွဲလွဲလေးပဲကောင်းပါတယ်" ဟာသရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ၊ ဇာတ်ညွှန်း၊ ဇာတ်လမ်း ပြည်ဟိန်းသီဟက ရိုက်ကူးပုံဖော်ထားပြီး လူငယ်ကျောင်းသားဘဝ၊ အချစ်ဇာတ်လမ်းကို ဟာသဇာတ်ကွက်များစွာဖြင့် ရယ်ရယ်မောမော ကြည့်ရှုရမှာ ဖြစ်ပါတယ်။

မြင့်မြတ်နဲ့ နာမည်ကြီးဟာသသရုပ်ဆောင်တွေရဲ့ ဟာသဇာတ်လမ်းတွေနဲ့ ရယ်မောပျော်ရွှင်စရာကောင်းတဲ့ ဟာသဇာတ်ကားတွေကို ကြိုက်နှစ်သက်သူတွေအတွက် "လွဲလွဲလေးပဲကောင်းပါတယ်" ဇာတ်ကားကြီးကတော့ ကြည့်ရှုဖို့ကောင်းတဲ့ဇာတ်ကားဖြစ်ပြီး မန္တလေးမြို့မှာဆိုရင်တော့ Win Lite, Point, Mingalar Cinema Central point, Mingalar Masoeyein Complex, Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

## ရုပ်ရှင်ကဏ္ဍ




ရှက်နှစေ

---



## သတင်းပဒေသာ

### မြို့ထောင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းအောင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရွှေဘိုမြို့၊ မြို့ရှေး ဟောင်းသမိုင်းဝင် မော်ဓါမြင်သာ မြို့ထောင့် စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းအောင်ပွဲအနေကဇာတင်ခြင်းနှင့်ရေစက်ချ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီ အဆိုပါ စေတီ တော်ရှိ ဓမ္မာရုံတွင် ကျင်းပရာ သံဃာတော်အရှင်သူမြတ်များမှ စေတီတော်မြတ်ကြီးအား အနေကဇာတင်လှူပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးစာဖတ်ခန်းတွင် အခြေခံပန်းချီပုံဆွဲခြင်းများ ပြုလုပ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ကလေး လူငယ်များစာပေဖတ်ရှုသည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာ စေရန်၊ အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ကလေးများ စာကြည့်တိုက်အပေါ် စိတ်ပါဝင်စားလာစေရန်၊ ကလေးစာဖတ်ခန်းနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့် ကောင်းများရရှိစေရန် ရည်ရွယ်၍ ယမန်နေ့နံနက် ၉နာရီ ကလေး စာဖတ်ခန်းတွင် အခြေခံပန်းချီပုံဆွဲခြင်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံး ကြီးမြို့တွင် ဌာနပေါင်း (၉)ဌာနသည် စစ်ကြောင်း(၅)ကြောင်းဖြင့် အသုံးတော်ကျေးရွာအုပ်စု၊ ပုန်းတန်ကျေးနှင့် နားဟီးကျေးရွာအုပ်စု၊ ဟမ်းဆီးကျေးရွာများသို့ ယမန်နေ့ နံနက် ၉ နာရီက သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှုမြှင့်တင်ရေးပွဲတော်နှင့် ဆုပေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ အ·ထ·က မိုင်းတုံစာသင်ကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြှင့်တင် ရေးပွဲတော်၊ ဆုပေးပွဲအခမ်းအနားအား ဩဂုတ်၇ ရက် နံနက်ပိုင်းက အဆိုပါစာသင်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်း ဦးဆောင်၍ ယမန်နေ့ နံနက် ၉ နာရီက ဝမ်နားကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး အိမ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ လုပ်ငန်း ပိုင်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးဖြစ်သည့် ဆယ်အိမ်စုမှူး သင်တန်း ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ အင်းကြီး ကုန်းကျေးရွာ အလယ်တန်းကျောင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှုမြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၀နာရီက အောင်မြေသာစံမြို့နယ်နေ ဦးအောင်ကျော်ကျော်+ဒေါ်စိန်အေးမြ (ဓာတုဗေဒ)မှ ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်၊ ဘဏ္ဍာရေးမှူးဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်မိသားစုသည် မန္တလေးတက္ကသိုလ်ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ တတိယအကြိမ်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေပဒေသာပင် ငွေကျပ် သုံးသိန်းငါးသောင်းလှူဒါန်းပြီး ဖြစ်သည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် မေ ၂၃ ရက်မှစ၍ ၂၀၂၄ခုနှစ် ဩဂုတ် ၁၀ ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၀၄ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၀၅ သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

## ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ငွေများလှူဒါန်း၊ တစ်နေ့စာကျွေးမွေး



**မန္တလေး ဩဂုတ် ၁၀**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် မန္တလေး-ရန်ကင်းတောင်လမ်းရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ဩဂုတ် ၉ ရက်က အောင်မြေသာစံမြို့နယ်နေ ဒေါက်တာရှိန်ထက်အောင်+မရတနာဝင်းလှိုင် (တော်ဝင်စိန်တိုက်)မိသားစုက(၂၀၂၄) တစ်နှစ်အတွက် ငွေပဒေသာပင် ငွေကျပ် ၆သိန်း၊ တစ်နေ့တာ အာဟာရငွေကျပ် ၂ သိန်း စုစုပေါင်း ငွေကျပ် ၈သိန်းကိုလည်းကောင်း Roland Playground နှင့် Hi Baby မိသားစုက အကယ်ဒမီ ဖွေးဖွေးမွေးနေ့အလှူအဖြစ် ဆေးရုံသုံး Nebulizer (၁၅)ခုနှင့် OxygenInhalator ၁၀ခု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ သိန်းဖိုးခန့်နှင့် လူနာများအား ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မုန့်များကိုလည်းကောင်း၊ အမရပူရမြို့နေ ဒေါ်ခင်မမ(မြခွာညိုပိုးထည်တိုက်)က တစ်နေ့တာ အာဟာရငွေကျပ် ၂ သိန်း၊ တစ်နေ့စာထမင်း၊ ဟင်း၊ ကော်ဖီနှင့်ပေါင်မုန့်များ ကျွေးမွေး လှူဒါန်းရာ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းအုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်နှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ ကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၁၀၄၀၆၄၉ နှင့်ဖုန်း ၀၉-၄၂၄၉၆၆၈၁၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**



## အမှတ်(၅)အလက(ဘုံကျော်)ကျောင်း (၂၂)ကြိမ်မြောက်အာစရိယပူဇော်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း(ဘုံကျော်) ကျောင်းစတင်တည်ထောင်သည့် (၁၉၃၅) ခုနှစ်မှ (၁၉၇၂)ခုနှစ် အတွင်း သင်ကြားပြသခဲ့ပြီး သက်ရှိထင်ရှားကျန်ရှိသူ ဆရာ၊ ဆရာမကြီးများဖြစ်သော ဦးမောင်မောင်လေး(၉၂)နှစ်၊ ဒေါ်သန်းရွှဲ(၈၉)နှစ်၊ ဦးအောင်မြင့်(၈၄)နှစ်၊ ဒေါ်သန်းသန်းစိန် (၈၃)နှစ် ဒေါ်ထွေးကြည်(၈၁)နှစ်၊ ဒေါ်မိမိ(၈၀)နှစ် ဒေါ်ငွေ(၇၉)နှစ်၊ ဒေါ်တင်တင်ရီ(၇၉)နှစ်၊ ဒေါ်အမာ(၇၇)နှစ်နှင့် ဒေါ်စိန်စိန် (၇၅)နှစ်တို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဩဂုတ် ၅ရက်က အိမ်တိုင်ရာရောက် သွားရောက်၍ စုပေါင်းကန်တော့ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)မောင်ပြည်သူ**

> **အသက်သည်**
> **သွေး**
> **သွေးသည်**
> **အသက်**

## နတ်မောက်မြို့နယ်၌ မိုးစပါးစတင်စိုက်ပျိုး


**နတ်မောက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ၂၀၂၄ မိုးစပါးများကို ရပ်ကွက်၊ ကျေးရွာများရှိ တောင်သူများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ဒေသခံတောင်သူများထံက သိရသည်။

နတ်မောက်မြို့နယ်တွင် ၂၀၂၄-ခုနှစ် မိုးစပါးကို ၂၄၈၆၀ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ဆည်ရေ၊ ဆည်ငယ်ကန်ငယ်များမှ ရရှိသော ရေများဖြင့် လယ်မြေများ၌ စပါးများ စတင်စိုက်ပျိုးကြမည်ဖြစ်ပြီး မိုးကောင်းသောက်လယ်မြေများတွင် မိုးစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။ နတ်မောက်မြို့နယ်တွင် နတ်မောက်ရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံမှ ဖြန့်ဝေသောရေများ၊ ဆည်ငယ်ကန်ငယ်များမှ ဖြန့်ဝေသည့် ရေများဖြင့် မိုးစပါးများ စိုက်ပျိုးရန်အတွက် စပါးများပျိုးထောင်ခြင်း၊ ဆည်ရေဖြင့် စိုက်ပျိုးထားသည့် နွေစပါးများ ရိတ်သိမ်းခြွေလှေ့နေကြပြီး ရိတ်သိမ်းပြီးလယ်များတွင် ထွန်ရေးပြုပြင်ထွန်ယက်ခြင်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

**(အောက်ပုံ)**

**မှုမှုစန်း**



# မန္တလေးတက္ကသိုလ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်




ယခုကာလဟာ တက္ကသိုလ်နယ်မြေများတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ရှိနေသည့်ကာလများ ဖြစ်ပါသည်။ အတိအကျဆိုရသော် ယခုကာလပွဲတော်သည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကာလ ဖြစ်သည်။ ခေါင်းစဉ်နှင့်အညီ ပန်းများစွာပွင့်သည့် တက္ကသိုလ်နယ်မြေများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာကြည့်တိုက်များ ယခင်ထက်ပိုမိုတိုးတက်လာစေရန် လုပ်ဆောင်ကြပြီး ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်တင်လာစေရန် လှုံ့ဆော်ပေးသည့်ကာလမျိုး ဖြစ်သည်။

မန္တလေးတက္ကသိုလ်၏ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာပေနှင့် သက်ဆိုင်သောပွဲလမ်းသဘင်များစွာ ပါဝင်လေသည်။ ယခင် တစ်ပတ်လုံးတွင် ဆရာ၊ ဆရာမများသာမက ကျောင်းသား၊ ကျောင်းသူများလည်း မနားခဲ့ရပေ။ ယခုပွဲတော်ကာလများအတွက် ပြင်ဆင်ကြ၊ ကြိုးစားကြရင်းပင် တစ်ပတ်လုံး၏ အချိန်ကို အပြည့်အ၀ ယူခဲ့ကြရသည်။ မန္တလေးတက္ကသိုလ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးကာလများတွင် အဓိကအားဖြင့် ပြုလုပ်သော ပွဲတော်များမှာ အရေးပြိုင်ပွဲနှင့် အပြောပြိုင်ပွဲဟူ၍ ကျင်းပခြင်း ဖြစ်သည်။ ထိုသို့ စာဖတ်ရှိန်မြှင့်တင်ရေးကာလအဖြစ် ပြိုင်ပွဲများကျင်းပခြင်းကို (၃၀-၇-၂၀၂၄) ရက်မှ (၂-၈-၂၀၂၄)ရက်အထိ လေးရက်တိုင်တိုင် ကျင်းပပေးခဲ့လေသည်။

ထိုသို့ ပြုလုပ်ရာတွင် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာရပ်များဖြင့် ပြုလုပ်ပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကလည်း ကိုယ်သန်ရာ ဘာသာရပ်ဖြင့် ယှဉ်ပြိုင်နိုင်လေသည်။ အရေးပြိုင်ပွဲများတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲတို့ကို ပြုလုပ်ပေးခဲ့ပြီး ထိုပြိုင်ပွဲများကို ၃၀ ရက် ၇လတွင် စတင်ခဲ့ပြီးနောက် တက္ကသိုလ်ကြီး၏ ခန်းမတစ်ခုဖြစ်သော အင်း၀ (၂၇)ခန်းမတွင် ပြုလုပ်ပေးခဲ့သည်။

မနက်ခင်းတွင် မြန်မာဘာသာ အရေးပြိုင်ပွဲနှင့် ညနေပိုင်းတွင် အင်္ဂလိပ်ဘာသာအရေးပြိုင်ပွဲဟူ၍ ခွဲကာ ကျင်းပပေးခဲ့လေသည်။ နောက်တစ်နေ့ဖြစ်သော (၃၁-၇-၂၀၂၄)ရက်တွင် အင်္ဂလိပ်ဘာသာရပ်အပြောပြိုင်ပွဲများကို ကျင်းပပေးခဲ့လေသည်။ အင်္ဂလိပ်ဘာသာရပ်အပြောပြိုင်ပွဲများကို အင်း၀(၉)ခန်းမကြီးတွင် ကျင်းပပေးခဲ့ပြီး ကဗျာရွတ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောစသဖြင့် အင်္ဂလိပ်ဘာသာစကားအသုံးပြုစေခြင်းဖြင့် ပြိုင်ပွဲလုပ်ခဲ့လေသည်။ ထို့နောက် (၂-၈-၂၀၂၄)ရက်တွင် မြန်မာဘာသာရပ်အပြောပြိုင်ပွဲအား အင်း၀(၉)ခန်းမ၌ပင် ဆက်လက်ကျင်းပလေသည်။ မနက်ခင်းပိုင်းတွင် ကဗျာရွတ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့ကို ပြုလုပ်၍ ညနေပိုင်းတွင် ကျောင်းသားများ အကြီးအကျယ်အားပေးကြသော စကားရည်လုပြိုင်ပွဲကြီးကို ကျင်းပပေးခဲ့လေသည်။ ထိုတစ်ပတ်လုံးတွင် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ အားခဲခဲ့သမျှ သောကြာနေ့ညနေခင်းရောက်မှပင် စိတ်ချလက်ချအိပ်နိုင်ကြတော့လေသည်။ နဂိုတည်းကပင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများဖြစ်သောကြောင့် ယခုလိုစာပေပွဲတော်များတွင် တစ်ကျောင်းလုံးအားတတ်သရော ရှိကြတော့သည်။

အတိအကျဆိုရလျှင် တစ်ပတ်လုံးမကခဲ့ပေ။ နှစ်ပတ်ခန့်လောက်နေ့ရောညပါ မနားခဲ့ရပေ။ ကျွန်တော်ကိုယ်တိုင်ကပင် မြန်မာစာဌာနမှ ကျောင်းသားဖြစ်သည့်အတွက် ထိုကဲ့သို့ စာပေပြိုင်ပွဲများတွင် မြန်မာစာကိုချစ်သာ သွေးများကြွလာကြပြီပင် ဖြစ်သည်။

ထိုစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း မြန်မာစာဌာနတစ်ဌာနလုံး ရှေ့တန်းထွက်ခဲ့ကြလေသည်။ ပထမနှစ်မှစ၍ ဒုတိယနှစ် မဟာဝိဇ္ဇာများအထိ တစ်ယောက်မကျန်ပါဝင်ခဲ့ကြလေသည်။ ကျွန်တော်ကိုယ်တိုင်ပင် ထိုစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲ (၇)ခု ပါဝင်ခဲ့လေသည်။ မြန်မာဘာသာရပ် အရေးပြိုင်ပွဲတွင် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးအပြင် အင်္ဂလိပ်ကဗျာ အရေးပြိုင်ပွဲကိုပါ ထပ်လောင်း၍ လေးပွဲအထိ ဝင်ပြိုင်ခဲ့လေသည်။

ထို့အပြင် (၂-၈-၂၀၂၄) ရက်တွင် ကျင်းပသော မြန်မာဘာသာရပ်အပြောပြိုင်ပွဲများတွင် ကဗျာရွတ်၊ ကျပန်း၊ စကားရည်လုစသည်ဖြင့် ပြိုင်ပွဲများစွာ ပြိုင်ခဲ့ရလေသည်။ ပြိုင်ပွဲများအားလုံးကို အဆင်ပြေချောမွေ့စွာ ပြိုင်နိုင်ခဲ့လေသည်။ သို့သော် အတော်များစုသောကျောင်းပေမို့ ဆုစာရင်းကိုတော့ ရင်ထိတ်ကာ နားစွင့်နေရတော့လေသည်။ ပြိုင်ပွဲများအတွက် နေ့တွင်သာမက ညဉ့်ပါ စာများပြင်ခြင်း၊ ရွတ်ခြင်း ဗဟုသုတစာပေများစွာတို့ကို ပြန်လည်ဖတ်ရှုရင်း ပြင်ဆင်ခဲ့ရလေသည်။ သို့သော် ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်ပေ။ သူငယ်ချင်းများကလည်း အင်္ဂလိပ်ဘာသာရပ် အပြောပြိုင်ပွဲများတွင်ပါသဖြင့် သူတို့အတွက်ပါ စိတ်မောကိုယ်မော ဖြစ်ပေးခဲ့ရလေသည်။ ပြိုင်ပွဲများပြီးစီးသည့်နောက်တွင်လည်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗီဒီယိုရိုက်ကူးရေးတွင် ပါဝင်ကူညီရန် တာဝန်ပေးခံရလေသည်။ မန္တလေးတက္ကသိုလ်စာကြည့်တိုက်ကြီးအတွက် မှတ်တမ်းဗီဒီယိုရိုက်ကူးရာတွင် ရိုက်ကူးတည်းဖြတ်နောက်ခံအသံတို့ကိုပါ ပြင်ဆင်ပေးခဲ့ရလေသည်။ သို့သော် တာဝန်များမှာ ထိုတစ်ခုနှင့်ပင် မပြီးခဲ့။ ၆ ရက်နေ့တွင် တက္ကသိုလ်နယ်မြေတစ်ခုလုံးအတိုင်းအတာဖြင့် ကျင်းပမည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးတွင် အဖွင့်သီချင်းဆိုရန်အတွက် တာဝန်ကျသဖြင့် ပြိုင်ပွဲရက်များအတွင်း၌ပင် မနားခဲ့ရဘဲ သီချင်းများ တိုက်ခဲ့ရပြန်လေသည်။ တစ်ပတ်လုံးချုံးချုံးကျခဲ့သော ရက်များပင်တည်း။ ယခု ၅ ရက်နေ့ တစ်ရက်လုံးတွင် အကြိုလေ့ကျင့်ခြင်း အခမ်းအနားများ ရှိလေသည်။ ဌာနဆိုင်ရာများကလည်း ပြခန်းများအတွက် ပြင်ဆင်ကြလေပြီ။ တိုင်ခြောက်လုံးရှေ့တွက်လည်း ဘင်ခရာအခမ်းအနားကြိုတင်လေ့ကျင့်ခြင်းများနှင့် စည်ကားလျက် ရှိကြလေတော့ပြီ။

မန္တလေးတက္ကသိုလ်သည် အထက်မြန်မာပြည်ရှိ တက္ကသိုလ်များတွင် အကြီးဆုံးသော တက္ကသိုလ်များထဲမှ တစ်ခုဖြစ်လေသည်။ ထို့ကြောင့်ပင် ယခုပွဲအတွက် တက္ကသိုလ်ရှိ လူအကုန် အလုပ်များနေကြခြင်း ဖြစ်သည်။ (၆-၈-၂၀၂၄)ရက်တွင် ထိုပွဲကြီးကို တစ်နေကုန်ဆင်နွှဲကြမည် ဖြစ်သည်။ မနက်ခင်းပိုင်းတွင် တက္ကသိုလ် အကြီးအကဲများနှင့် ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော အကြီးအကဲများက မန္တလေးဂုဏ်ဆောင် မိန်းတိုင်ခြောက်လုံးကြီးရှေ့တွင် ဘင်ခရာအခမ်းအနားများနှင့် ဖဲကြိုးဖြတ်ကာ ဖွင့်ပွဲကျင်းပမည် ဖြစ်သည်။ ထို့ကြောင့် အင်း၀(၉)ခန်းမထဲတွင် အခမ်းအနားများ ပြုလုပ်မည် ဖြစ်သည်။ အခမ်းအနားတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဂုဏ်ပြုသီချင်းများကို ထူးချွန်ကျောင်းသား၊ ကျောင်းသူများကအလှည့်ကျ သီဆိုကြမည် ဖြစ်သည်။ စကားရည်လု ဗိုလ်လုပွဲကိုလည်း ထိုအခမ်းအနားတွင် ကျင်းပမည် ဖြစ်သည်။ ထို့အပြင် မြန်မာစာမေဂျာ၊ ဥပဒေပညာမေဂျာ၊ အရှေ့တိုင်းမေဂျာ၊ ဓာတုဗေဒမေဂျာနှင့် ဘူမိဗေဒမေဂျာမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ စာဖတ်ဝိုင်းတွေ့ဆုံဆွေးနွေးပွဲလည်းရှိမည် ဖြစ်သည်။ ပြိုင်ပွဲများစွာတို့ကို ပြိုင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုနေ့သည် အကယ်ဒမီပေးပွဲနေ့ ဖြစ်လေသည်။ မည်သူက မည်သည့်ဆုကို ရမည်ကို အသိမပေးထားဘဲ ပွဲထဲ၌ပင် ကြေညာမည်ဖြစ်သောကြောင့် စာရေးသူကိုယ်တိုင်ပင် မိမိဆုများအတွက် ရင်ခုန်လျက်ရှိတော့လေသည်။ ဘက်စုံဖွံ့ဖြိုးသော ကျောင်းဖြစ်သောကြောင့် စာပေတစ်ခုတည်းနှင့်ပင် ကျင်းပမည် မဟုတ်ပေ။ ထိုတစ်ရက်တည်းမှာပင် ငါးထပ်ဆောင်အသစ်ကြီးတွင် E-sport ပြိုင်ပွဲအဖြစ် အမျိုးသား၊ အမျိုးသမီး mobile Legends ပြိုင်ပွဲလည်း ရှိလေသည်။ ထို့အပြင် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ငါးထပ်ဆောင်ဘေးဝန်းကျင်၊ တက္ကသိုလ်ဘောလုံးကွင်း၊ မိုးလုံလေလုံကွင်းများတွင် တစ်ပြိုင်နက်တည်း ကျင်းပနေကြမည် ဖြစ်သည်။ မေဂျာဌာနများအနေဖြင့်လည်း တက္ကသိုလ်ဂုဏ်ဆောင် ငါးထပ်ဆောင်ကြီးအောက်တွင် ဘာသာရပ်အလိုက် ပြခန်းများကို ထားရှိမည် ဖြစ်သည်။ သို့သော် စာချည်းပြသော ပြခန်းများမဟုတ် မုန့်များအပြိုင်အဆိုင်ရောင်းချကြမည်။

ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများရှိမည်။ စိတ်ပညာအားကစားပွဲများ၊ ဥပဒေပညာရပ်ပြိုင်ပွဲများ၊ စကားထာပြိုင်ပွဲများ၊ အပျော်တမ်းဗေဒင်ဟောခန်းများဖြင့် စည်စည်ကားကားပျော်ပျော်ရွှင်ရွှင် ကျင်းပ၍ ဘက်စုံထူးချွန်ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများဖြစ်ကြောင်းကို ပြသကြမည့်နေ့ ဖြစ်သည်။ တစ်နေ့တည်းတွင် နေရာအနှံ့အပြား၌ အားကစားပြိုင်ပွဲများ၊ အခမ်းအနားများ၊ ပြခန်းများကို တစ်ပြိုင်နက် ကျင်းပနေမည်ဖြစ်သောကြောင့် ဆရာများသာမက ကျောင်းသား၊ ကျောင်းသူများပါ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ အလုပ်များမည့်နေ့ဖြစ်လေသည်။ ထိုနေ့တွင် တခြားသော ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည်လည်း ဧည့်သည်များအဖြစ် လာရောက်ကြမည် ဖြစ်သည်။

ပွဲတော်ရက်ကြီးနေ့တွင် ကျွန်တော်တို့အားလုံး စောစီးစွာ လာရောက်ကြလေသည်။ မနက်ခင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက မန္တလေးတက္ကသိုလ် ပင်မဆောင်တိုင်ခြောက်လုံးတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အား ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်လေသည်။ ထိုမှတစ်ဆင့် စာရေးသူနှင့်တကွ ဖျော်ဖြေရေးတွင်ပါသည့် ကျောင်းသား၊ ကျောင်းသူများကလည်း အင်း၀ ၉ ခန်းမထဲတွင် နေရာယူကြတော့လေပြီ။ တစ်ခြားသော ကျောင်းသား၊ ကျောင်းသူများလည်း လာကြသည့်ပွဲမို့ မန္တလေးတက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူများ၏ အလှက ယခင်ကထက်ပင်ပို၍ သစ်လွင်နေတော့သည်။ မိမိအား ဆေးကျောင်းကများ ကြည့်နေမလား၊ သူနာပြုလေးတွေများ ကြည့်နေမလား၊ ဆရာလေးတွေကများ ကြည့်နေမလား ဆိုသည့် မျှော်လင့်ချက်များနှင့်ပင် လမ်းလျှောက်သည့်ပုံစံမှအစ ပြောင်းသွားကြကာ ဆင်မယဉ်သာကဲ့သို့ပင်။ ပွဲနှင့်တစ်ဆက်တည်းမှာပင် ဂုဏ်ယူဖွယ်ရာ ငါးထပ်ဆောင်၌ ဂိမ်းများ၊ ဉာဏ်စမ်းများ၊ မြားပစ်များ၊ ဥပဒေရေးရမေးခွန်းဉာဏ်စမ်းများ၊ စိတ်ပညာဉာဏ်စမ်းဂိမ်းများပါ ကျင်းပပေးခဲ့ကြလေသည်။ အထက်တန်းကျောင်းသား၊ ကျောင်းသူများဆိုလျှင် ကာရာအိုကေစင်မြင့်ထက်မှပင် မဆင်းကြတော့။ ကျောင်းသား၊ ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် သီဆိုကြ၊ ကကြ၊ စာဖြေကြရင်းပင် မန္တလေးတက္ကသိုလ်၏ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးအောင်အောင်မြင်မြင် ပြီးဆုံးခဲ့လေပြီ။ စကားရည်လုပွဲများ၊ ကဗျာရွတ်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ဆုပေးပွဲများဖြင့် ကျင်းပခဲ့သော မန္တလေးတက္ကသိုလ်ကြီး၏ စာပေပွဲတော်ကြီးမှသည် ကျောင်းသား၊ ကျောင်းသူ လူငယ်အပေါင်းတို့၏ အနာဂတ်ခရီးလမ်းတွင် စာဖတ်ရှိန်မြှင့်တင်ကြပါရန် ဆန္ဒပြုရင်းပင် ရေးသားလိုက်ရပါတော့သည်။

**မင်းခကောင်းကင်**

# (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (မြို့နယ်အဆင့်) ပြိုင်ပွဲနှင့် ဖျော်ဖြေညှိခံပွဲ ကျင်းပ



**ကျောက်ပန်းတောင်း ဩဂုတ် ၁၀**

(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(မြို့နယ်အဆင့်) ပြိုင်ပွဲကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး စကားဝါမြေခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခေတ်ဟောင်းကာလပေါ်ဘာသာရပ် အခြေခံပညာအဆင့်(၁၅-၂၀)တွင် အန္တရာယ်ကင်းသီချင်းဖြင့်လည်းကောင်း၊ ခေတ်ဟောင်းကာလပေါ်ဘာသာရပ် အခြေခံပညာအဆင့် (၁၅-၂၀)ဒုတိယအကျော့တွင် အောင်မြင်ခြင်းအတူတူ တေးသီချင်းဖြင့်လည်းကောင်း၊ ခေတ်ဟောင်းကာလပေါ်ဘာသာရပ် အခြေခံပညာအဆင့် (၁၅-၂၀)တွင် ကောက်ရိတ်ချိန် တေးသီချင်းဖြင့်လည်းကောင်း၊ ချစ်စရာ့ရွှေတမာတေးသီချင်းဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူလေးများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဟာဂီတဘာသာရပ်ဖြင့် အခြေခံပညာအဆင့်(၁၀-၁၅)တွင် မြိုင်ဟောမာတေးသီချင်းဖြင့်လည်းကောင်း၊ အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းဘာသာရပ်တွင် အဆင့်မြင့်ပညာအဆင့်တွင် ကျေးရွာဝါဒ သီချင်း၊ ဗိုလ်ရှုသဘင်သီချင်းတို့ ဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ခဲ့ကြပြီး၊ အဆိုကာလပေါ်ဘာသာရပ်ဖြင့် ဂျင်မလေးဂျမ်းသီချင်း၊ ဓမ္မစကြာသီချင်း၊ မဟာဂီတဘာသာရပ် ဝါသနာရှင်(ဒုတိယ) အဆင့်တွင် ဆဒ္ဒန်အိုင်တေးသီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသမီးအကဘာသာရပ် အခြေခံပညာအဆင့်(၁၀-၁၅)နှင့် ဝါသနာရှင်အဆင့်အကတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မော်မော်နှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးမိုးကျော်နှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ သဘင်ပညာရှင်များနှင့် ဝါသနာရှင်များ စုစုပေါင်း ၂၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၅၆)



# ငွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်နှင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ငွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယအကြီးတန်းစာရေးဒေါ်ငွေးမြက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များနှင့် စီမံကိန်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ငွေစာရင်းပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငွေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃ ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၈ ဦးကို ငွေကျပ် ၆ ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ငွေကျပ် ၅၀ ဒသမ ၇ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၄၅)



# ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လုပ်ရှားဆောင်ရွက်

**ပခုက္ကူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ ၂၀၂၄ ခုနှစ် ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့၊ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြို့နယ်ကျောင်းကျန်းမာရေးဌာနမှ သွားဆရာဝန် ဒေါက်တာနေနွယ်သန်း၊ မြို့နယ်မိခင်ကလေးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ခိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်မြမြသက်နှင့် ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့၊ အမှတ်(၅)အခြေခံပညာကျောင်းနှင့် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖွံ့ဖြိုးရေးနှင့် ရောဂါကာကွယ်စေသော အစာအုပ်စုများ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး၊ သွားကျန်းမာရေးနှင့် စနစ်တကျလက်ဆေးနည်းများအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေးနှင့် အခြားသောကျန်းမာရေးဆိုင်ရာများ စစ်ဆေးကုသပေးခြင်း၊ အာဟာရတိုက်ကျွေးခြင်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပခြင်းများဆောင်ရွက်ကြပြီး အာဟာရဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၄၀)

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေး

**မန္တလေး ဩဂုတ် ၁၀**



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပညာအထူးပြုဘာသာရပ် B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသား၊ သင်တန်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)စားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့်အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport)ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသားများတက်ရောက်ကြသည်။ အခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များပြောကြားပြီး အား/ကာသိပ္ပံ(မန္တလေး)ဆေးဘက်ဌာနစိတ်မှ တာဝန်ခံဆရာဝန် ဒေါက်တာချမ်းကျော်ထွန်းနှင့် ချမ်းမြသာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ(ကျောင်းကျန်းမာ) ဒေါ်သဲနုအောင်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)

# စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ကန့်ဘလူ ဩဂုတ် ၁၀**

ကန့်ဘလူမြို့နယ်အတွင်း ဩဂုတ် ၇ ရက် နံနက်ပိုင်းက စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

စားသုံးဆီများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ ကန့်ဘလူမြို့ အမှတ်(၁)နှင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းဘေးတို့တွင် ဖြန့်ဝေရောင်းချပေးခဲ့သည်။

ပြည်သူများသက်သာသောနှုန်းထားဖြင့် စားသုံးဆီများ စနစ်တကျဝယ်ယူနိုင်စေရန် ရည်ရွယ်၍ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ဆီ ၅၀ ကျပ်သားကို ငွေကျပ် ၃၁၀၀ နှုန်းဖြင့် မြို့နယ်စီမံအုပ် ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)(၃၉၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်သည့် ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် (၁၀)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (10th International Military-Technical Forum) (Army-2024) သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် (၁၀)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ် (10th International Military–Technical Forum) (Army–2024)သို့ တက်ရောက်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






## ၂၀၂၄ ကွန်မြူနတီဒိုင်း ချန်ပီယံဆုကို မန်ချက်စတာစီးတီးအသင်း ဆွတ်ခူး

**မန်ချက်စတာ ဩဂုတ် ၁၀**

၂၀၂၄ အင်္ဂလိပ် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီ ၃၀မိနစ်က မန်ချက်စတာစီးတီးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာစီးတီးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ကွန်မြူနတီဒိုင်း ဗိုလ်လု

**စာမျက်နှာ ၄ သို့** ❍

## ၂၀၂၄ ပါရီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုကို အမေရိကန်အသင်း ဆွတ်ခူး

**ပါရီ ဩဂုတ် ၁၀**

၂၀၂၄ပါရီ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန်ည ၉နာရီ ၃၀မိနစ်က ဘရာဇီးအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက ဘရာဇီးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ရွှေတံဆိပ်ဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အမေရိကန်အသင်းအတွက် ရွှေတံဆိပ်ဆုရရှိစေမည့် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန်

**စာမျက်နှာ ၄ သို့** ■

